မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၂၆)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီးချစ်ချိုင်းဗာနာဆာတီဒီယားအား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီးချစ်ချိုင်းဗာနာဆာတီဒီယားနှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီးနှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်မြှင့်တင်

မြန်မာနိုင်ငံတွင် လူဦးရေ ၅၅သန်းကျော်ရှိသည့်အနက် ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသများ၌ နေထိုင်လျက်ရှိသည်။

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရည်အဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဟူသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းကိုချမှတ်ကာ နိုင်ငံတစ်ဝန်း၌ အရှိန်အဟုန်မြှင့် ဖော်ဆောင်ပေးလျက်ရှိသည်။

ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အဓိကအရေးပါသည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ခရိုင်ချင်းဆက်လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့် မြို့ပြဆက်သွယ်သော လမ်း၊တံတားများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။ ထို့ပြင် မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့သဖြင့် ကျေးရွာများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးတက် မြင့်မားလာခဲ့သည်။

ကျေးလက်ဒေသနေ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးနိုင်ရန် ပဲခူးတိုင်း ဖြူးမြို့နယ် ညောင်ပင်သာတိုက်နယ် ဆေးရုံသစ်ကို ဩဂုတ်လ ၁၂ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါတိုက်နယ်ဆေးရုံမှာ ခွဲစိတ်ဆောင် ပူးတွဲပါရှိသည့် (၁၆)ခုတင်ဆံ့ဆေးရုံဖြစ်ပြီး နိုင်ငံတော်က ခွင့်ပြုငွေကျပ် ၁၅၅သိန်းနှင့် စေတနာရှင် ပြည်သူများ၏ လှူဒါန်းငွေကျပ်သိန်း ၂၅၀ဖြင့် ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဖြူးမြို့နယ်အတွင်း၌ ခုတင်(၅၀)ဆံ့ မြို့နယ်ဆေးရုံ၊ ဇေယျာဝတီတိုက်နယ်ဆေးရုံ၊ ကညွတ်ကွင်းတိုက်နယ်ဆေးရုံနှင့် ညောင်ပင်သာတိုက်နယ်ဆေးရုံတို့ တည်ရှိနေပြီဖြစ်ရာ ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အပါအဝင်ဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးလုပ်ငန်းများတွင် နိုင်ငံတော်၏ ဦးဆောင်မှု၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ စေတနာရှင် အလှူရှင်များ၏ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ကြောင့် ယခုအခါ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းသည် ပိုမိုတိုးတက် မြင့်မားလာလျက်ရှိပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးလွင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၂၅

မော်လ်ဒိုက်ဗ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးတင်ဦးလွင်သည် ၎င်း၏ ခန့်အပ်လွှာကို ဩဂုတ် ၇ ရက်တွင် မာလီမြို့၌ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမာမွန်း၊ အဗ္ဗဒူလ်ဂါယွန်းထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ဌာန
(က) ဗိုလ်မှူးကြီးကျော်ကျော်ဝင်း	ညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး
(ခ) ဗိုလ်မှူးကြီးသန့်ရှင်း	ညွှန်ကြားရေးမှူးချုပ် အစိုးရအဖွဲ့ရုံး
(ဂ) ဒေါက်တာဦးခင်လှ	ပါမောက္ခချုပ် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) ဆေးသိပ္ပံပညာ ဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ဃ) ဦးခင်မောင်လေး	ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
(င) ဦးစံပြည့်	ညွှန်ကြားရေးမှူးချုပ် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အမှတ် (၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးလှမြင့်သိန်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြဝတီရုပ်မြင်သံကြား

၂၅-၈-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပာန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၃။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၇)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့ တက်လူ"** (အပိုင်း-၁)

တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးဖြင့်အောင်မြင်သော ပျဉ်းမနားခရိုင်မှ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြု

နေပြည်တော် ဩဂုတ် ၂၄

ပျဉ်းမနားခရိုင် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၀ရက် နံနက်၇နာရီက ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ဂုဏ်ပြုအမှာ စကားပြောကြားပြီး တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ပျဉ်းမနားခရိုင်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ နှစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရရှိသူ၁၂ဦး၊ လေးဘာသာ ဂုဏ်ထူးရရှိသူ ၁၈ဦး၊ သုံးဘာသာ ဂုဏ်ထူးရရှိသူ ၂၉ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရရှိသူ ၆၁ဦး၊ တစ်ဘာသာ ဂုဏ်ထူးရရှိသူ ၈၆ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

(ယာပုံ)(သတင်းစဉ်)

ဧရာဝတီတိုင်းဓမ္မာရုံ၌ ဝါဆိုသင်္ကန်းစုပေါင်းဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၂၄

ဧရာဝတီတိုင်း ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်း(ရန်ကုန်)တို့ စုပေါင်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အမှူးပြုသော သံဃာတော်ကိုးပါးတို့အား သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၇ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၂၁/၄၃-စီ ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများအားလုံးတို့သည် ဖိတ်စာရသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ တက်ရောက်ကြည်ညိုကြပါရန်နှင့် သင်္ကန်း၊ ဆွမ်း၊ ဝတ္ထုငွေများ ပါဝင်လှူဒါန်းလိုပါက အကျိုးဆောင်အဖွဲ့ ဖုန်း- ၃၇၀၅၇၉နှင့် ၃၈၁၃၆၀တို့သို့ လည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်အသင်းအမှုဆောင်များသို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

လမ်းခင်းကျောက်အရွယ်အစား၊ အမျိုးအစားများ သတ်မှတ်စံချိန်စံညွှန်း သိပ်သည်းမှုရအောင်ခင်းကြိတ်

ရန်ကုန် ဩဂုတ် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ရတနာပုံတံတား(စစ်ကိုင်းဘက်ကမ်း) ချဉ်းကပ်လမ်း ထုအခြေခံလွှာကျောက်ခင်းကြိတ်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက လုပ်ငန်းများဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လမ်းခင်းကျောက်အရွယ်အစား၊ အမျိုးအစားတို့ကို သတ်မှတ်စံချိန်စံညွှန်းမီ သိပ်သည်းမှုရအောင် ခင်းကြိတ်ရန်၊ မိုးရထားတာပေါင်နှင့် ကားလမ်းတာပေါင်ကြား ရေမြောင်းကိုစနစ်တကျ လုပ်ဆောင်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်းမိုင်တိုင် (၆၆/၇)၌ လမ်းအနိမ့်အမြင့်ဖြေ၍ လမ်းပြုပြင်နေခြင်းလုပ်ငန်းနှင့် လမ်းတစ်လျှောက် လမ်းလုပ်ငန်းများ စစ်ဆေးရာ ရွှေဘိုခရိုင် အင်ဂျင်နီယာမှူး ဦးကျော်ကျော်က စစ်ကိုင်း-ရွှေဘိုလမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရွှေဘို-မြစ်ကြီးနား ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ရွှေဘိုခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်နေသည့် (၀/၀)နှင့်(၁/၀)မိုင်ကြား ၁၂ ပေအကျယ်မှ ၁၈ပေအကျယ် လမ်းချဲ့ခြင်းလုပ်ငန်း၊ တံတားငယ်များပြုပြင်ဆောက်လုပ်ခြင်းနှင့် လမ်းတံတားလုပ်ငန်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ မဲဇာတံတားသို့ရောက်ရှိ၍ မဲဇာတံတားကြံ့ခိုင်တောင့်တင်းမှုနှင့် လမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသည်များသွားလာရေးအဆင်ပြေအောင်စွမ်းဆောင် ဈေးကွက်စီးပွားရေးနှင့်အညီလုပ်ငန်းများအောင်မြင်ရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၄

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၂၀ရက် နံနက်ပိုင်းတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဧရာဝတီတိုင်း ဌာနခွဲရုံး(ပုသိမ်)သို့ ရောက်ရှိလာရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဧရာဝတီတိုင်းဌာနခွဲ(ပုသိမ်) အခြေပြုရေယာဉ်များပြေးဆွဲနေမှု၊ ကုန်တင်ကုန်ချလုပ်ငန်းဆောင်ရွက်နေမှု၊ ဝင်ငွေရရှိမှုနှင့်ခရီးသည်၊ ကုန်တန်ချိန်ရရှိမှု၊ အသုံးစရိတ်များကိုလည်းကောင်း၊ ဧရာဝတီတိုင်း(ပုသိမ်)မန်နေဂျာက ပုသိမ်မှ ရန်ကုန်မြို့သို့ သင်္ဘောများဖြင့် ဆန်နှင့်စားသောက်ကုန်ပစ္စည်းများ၊ အထွေထွေကုန်ပစ္စည်းများ သယ်ဆောင်ပေးမှု၊ ဝန်ထမ်းဖွဲ့စည်းပုံတို့နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ခရီးသည်များ သွားလာရေး အဆင်ပြေအောင်ဆောင်ရွက်ရေး၊ ဈေးကွက်စီးပွားရေးနှင့်အညီ အောင်မြင်အောင်ဆောင်ရွက်ရေး၊ ဝင်ငွေတိုး၍ အသုံးစရိတ် ချွေတာရေး၊ ခရီးသည်များ လုံခြုံမှုရှိရေး၊ စက်သုံးဆီများ ချွေတာသုံးစွဲရေး၊ မိမိဌာန၊ မိမိနိုင်ငံ၏ အကျိုးစီးပွားကိုသာ အဓိကထား ဆောင်ရွက်ကြရေး၊ ဒေသခံတာဝန်ရှိသူများနှင့်ညှိနှိုင်း၍ အောင်မြင်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ပံ့ပိုးကူညီမှုများ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က နိုင်ငံတော် အပိုင်း၏ ပံ့ပိုးကူညီမှုများကို အလေးထား ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများ အောင်မြင်အောင် သက်ဆိုင်ရာဌာနအဆင့်ဆင့်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အသေးစိတ်မှာကြားသည်။

ကာကွယ်ရေးလုပ်ငန်း

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မေတ္တာဦးတံတား၌ ရန်ကုန်မြို့မှ ဝင်ရောက်ဆိုက်ကပ်လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဗလကျော်ခေါင်ဖြင့် လိုက်ပါလာကြသည့် ခရီးသည်များအခြေအနေ၊ ဆိပ်ကမ်းအခြေအနေ၊ ရေယာဉ်များပြေးဆွဲမှု အခြေအနေတို့ကို လည်းကောင်း၊ ပုသိမ်မြို့ ကမ်းနားလမ်းရွှေဖိုတပ်ရပ်ကွက်အနီး၌ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လည်းကောင်း ကမ်းနားလမ်းတစ်လျှောက် သွားရောက်ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

မှာကြားဖြည့်ဆည်း

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ညောင်တုန်းမြို့ ဗိုလ်မြတ်ထွန်းတံတား (ကြိမ်ပင်ဆည်) ကမ်းထိန်းလုပ်ငန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က ဗိုလ်မြတ်ထွန်းတံတား ကမ်းထိန်းလုပ်ငန်းနှင့် မြစ်ကြောင်းပြောင်းလဲရေး လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ရေလမ်းထိန်း) ဦးလှမြင့်သိန်းက ဗိုလ်မြတ်ထွန်းတံတား ကြိမ်ပင်ဆည်ဘက်ခြမ်း ကမ်းထိန်းလုပ်ငန်းနှင့် ရေကြောင်းပြောင်းလဲမှု လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့်ဖြစ်ထွန်းတိုးတက်အောင်မြင်နေသည့် အခြေအနေ၊ ရေရှည်ဆောင်ရွက်ရန်လိုအပ်မည့် အစီအမံများကိုလည်းကောင်း၊ ဗိုလ်မြတ်ထွန်းတံတားအောက် ဖြတ်ကူးမည့်ရေယာဉ်များ အစုန်လမ်းကြောင်းနှင့် အဆန်လမ်းကြောင်း ပြောင်းလဲသတ်မှတ်ထားရှိမှုအခြေအနေ၊ ရေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရေစီးကြောင်း

ယင်းနောက် ဝန်ကြီးသည် ဗိုလ်မြတ်ထွန်းတံတား ကြိမ်ပင်ဆည် ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု၊ ရေလမ်းကြောင်းပြောင်းလဲရေး ဆောင်ရွက်ထားရှိမှု၊ ဧရာဝတီမြစ်လမ်းကြောင်း အခြေအနေနှင့် ကြိမ်ပင်ဆည်အတွင်း အောင်းရေကျန်ရှိနေမှုအခြေအနေ၊ ရေယာဉ်များ ဝင်ရောက်ဖြတ်သန်းမည့် သတ်မှတ် အစုန်/အဆန်ရေလယ်တိုင်နှင့် ရေစီးကြောင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယားအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်တရားရေးဝန်ကြီးနှင့်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၄

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယား ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၁၀နာရီ မိနစ်၄၀တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီးနှင့်အဖွဲ့ဝင်များအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၈)၊ အခြေခံစက်ချုပ် သင်တန်းအမှတ်စဉ်(၁၁)နှင့် အခြေခံယဉ်ကျေးမှုသင်တန်းအမှတ်စဉ်(၁) ဆင်းပွဲကို ဩဂုတ် ၁၈ရက်တွင် အဆိုပါသင်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး တက်ရောက်၍ အမှာစကားပြောကြားသည်။ ယင်းသင်တန်းများတွင် အခြေခံစက်ချုပ်သင်တန်းသူ ၄၃ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူ လေးဦးနှင့် အခြေခံယဉ်ကျေးမှု သင်တန်းသား သင်တန်းသူ ၂၇ဦးတို့ တက်ရောက်အောင်မြင်ခဲ့ကြသည်။

တက်ရောက်

အလားတူ ကယားပြည်နယ် လွိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၄)၊ အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၃၅)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁)နှင့်အခြေခံယဉ်ကျေးမှုသင်တန်းအမှတ်စဉ်(၁) ဆင်းပွဲကို ဩဂုတ် ၁၈ရက်တွင် အဆိုပါ သင်တန်းကျောင်းခန်းမဆောင်၌ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းသင်တန်းများတွင် အခြေခံစက်ချုပ်သင်တန်းသူ၅၀၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၁၂ဦး၊ သိုးမွေးစက်ဆွဲသင်တန်းသူငါးဦးနှင့် အခြေခံယဉ်ကျေးမှုသင်တန်းသား သင်တန်းသူ ၄၂ဦးတို့ တက်ရောက်အောင်မြင်ခဲ့ကြသည်။

အမှာစကားပြောကြား

ထို့အတူ ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၄)၊ အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၃၁)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၆)၊ ကနုကမာကျောက်စီပန်းချီသင်တန်းအမှတ်စဉ်(၆)နှင့် ရက်ကန်းသင်တန်းအမှတ်စဉ်(၆)ဆင်းပွဲကို ဩဂုတ်၁၈ရက်တွင် အဆိုပါသင်တန်းကျောင်းခန်းမဆောင်၌ကျင်းပရာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှတက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းသင်တန်းများတွင် အခြေခံစက်ချုပ်သင်တန်းသူ ၃၀၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူလေးဦး၊ သိုးမွေးစက်ဆွဲသင်တန်းသူ၁၀ဦး၊ ကနုကမာကျောက်စီပန်းချီသင်တန်းသူလေးဦးနှင့် ရက်ကန်းသင်တန်းသူ၄၂ဦးတို့ တက်ရောက်အောင်မြင်ခဲ့ကြသည်။

သင်တန်းဆင်း

အလားတူ ကချင်ပြည်နယ် ပူတာအို၊ ဒွန်ဘန်၊ ဒေါ့ဖုန်းယန်နှင့် ဗန်းမော်မြို့များရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်းနှင့် သိုးမွေးစက်ဆွဲသင်တန်းများဆင်းပွဲနှင့် ချင်းပြည်နယ် ဖလမ်းနှင့် မင်းတပ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ အခြေခံရက်ကန်းသင်တန်းနှင့် ကနုကမာ ကျောက်စီပန်းချီသင်တန်းများဆင်းပွဲ၊ မတူပီအမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲနှင့် တီးတိန်နှင့် ကန်ပက်လက်အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်းနှင့် သိုးမွေးစက်ဆွဲသင်တန်းများ ဆင်းပွဲကို သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီးတို့၌ ဩဂုတ်၁၈ရက်တွင် ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ်၂၄ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် (၁၄)ကြိမ်မြောက် အဆို၊အက၊အရေး၊အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဗဟန်းမြို့နယ်မှ ပညာရှင်၊ ဝါသနာရှင် ပြိုင်ပွဲဝင်များအား ဆုပေးပွဲနှင့် အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံး ပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် ဩဂုတ်လအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
၂၇–၈–၂၀၀၆ ရက်နေ့
၂၀၀၆ခုနှစ် စက်တင်ဘာလအတွက်
၁၀–၉–၂၀၀၆ ရက်နေ့ နှင့် ၂၄–၉–၂၀၀၆ ရက်နေ့

သောတာပန် အလှူတော်ပွဲ

ရန်ကုန် ဩဂုတ် ၂၄

စစ်ကိုင်းမြို့ သောတာပန်ရပ် လေးကျွန်းမာရ်အောင်စေတီ ဓမ္မဒူတ ရောင်ခြည်ဓမ္မာရုံတော်၌ ဩဂုတ်၂၇ ရက်နှင့် ၂၈ရက်တို့တွင် စစ်ကိုင်းမင်းဝံ၊ မင်းကွန်းတောင်ရိုးနှင့် စစ်ကိုင်းမြို့မ၌ သီတင်းသုံးတော်မူကြကုန်သော ရဟန်းသံဃာ ရှင်သာမဏေနှင့် သီလရှင်၊ သူတော်စင်တို့အား ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍လှူဒါန်းသောတတိယအကြိမ် သောတာပန် ဆီအလှူတော်ပွဲ (ဆီ၊ ဆား၊ဆေးမျိုးစုံ)ကို ရေစက်သွန်းချလှူဒါန်းကြမည်ဖြစ်သည်။

ရေစက်သွန်းချ

ထို့အပြင် စစ်ကိုင်းမြို့ သောတာပန်ရပ် အမက(၁၄)အောင်ချမ်းသာနှစ်ထပ်ကျောင်းဆောင်သစ်၊ မြဝတီရပ် အမက(၁၆)ဝင်းသန့်ကျောင်းဆောင်သစ်နှင့် လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီး၏ ဒုတိယပစ္စယာကို ကျောက်ပြားနှင့် ကြွေပြားများခင်းခြင်းပြီးစီးမှုတို့ကိုလည်း ရေစက်သွန်းချကုသိုလ် အမျှပေးဝေကြမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

25-8 (03).p65 1 1/1/32, 12:55 AM

စင်ကာပူ၌ အမြင့်ဆုံးကုန်တိုက်ကြီး တည်ဆောက်နေ

စင်ကာပူ ဩဂုတ် ၂၄

စင်ကာပူနိုင်ငံတွင် တည်ဆောက်လျက်ရှိသော အောချက်စင်ထရယ်ဟု အမည်ပေးထားသည့် စင်ကာပူနိုင်ငံ၏ အမြင့်ဆုံး လက်လီရောင်းကုန်တိုက်အဆောက်အအုံကို လာမည့် ၂၀၀၈ခုနှစ်တွင် တည်ဆောက်မှု ပြီးစီးမည်ဟု မျှော်မှန်းထားကြောင်း နယူးအာရှ သတင်းဌာနက ဩဂုတ် ၂၂ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

၁၂ထပ်

အဆိုပါ အဆောက်အအုံသည် စင်ကာပူနိုင်ငံရှိ အောချက်လမ်း၏အဆုံး အရှေ့ဘက်တွင် ကပ်လျက်တည်ရှိသည်။ အကျယ်အဝန်းမှာ စတုရန်းပေ ၂၉၀၀၀၀ခန့်ရှိပြီး မြေအောက်ခန်းနှစ်ခန်း အပါအဝင် အထပ် ၁၂ထပ် ပါဝင်မည်ဖြစ်သည်။

ရောင်းချ

ယခုတည်ဆောက်နေသည့် လက်လီရောင်း ကုန်တိုက်အဆောက်အအုံကို အရှေ့ဖျား ဆောက်လုပ်ရေးအဖွဲ့အစည်းက တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ပြီး အဆောက်အအုံခေါင်မိုး အပေါ်ဆုံးထပ်သည် အစားအစာများ ရောင်းချမည့် နေရာဖြစ်လာမည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ အကမယ် ၄၀၀ ခန့် ပါဝင်သရုပ်ဖော်ကပြနေသည့် ပြကွက်ကို ဩဂုတ်၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အာဆီယံ စီးပွားရေးဈေးကွက်ကြီးဖြစ်လာရန် မလေးရှားဝန်ကြီးချုပ် တိုက်တွန်းပြောကြား

ကွာလာလမ်ပူ ဩဂုတ် ၂၄

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)သည် ၂၀၁၅ခုနှစ်တွင် တစ်ခုတည်းသော စီးပွားရေးဈေးကွက်ကြီး ဖြစ်လာရေးအရှိန်မြှင့်လုပ်ဆောင်သင့်ကြောင်း မလေးရှားဝန်ကြီးချုပ်က ဩဂုတ် ၂၂ ရက်၌ ပြောကြားလိုက်သည်။

မလေးရှားဝန်ကြီးချုပ် အာမက်ဘာဒါဝီ

အာဆီယံအဖွဲ့ကြီးအနေဖြင့် အာဆီယံစီးပွားရေး အသိုက်အမြုံဖြစ်ပေါ်လာရေး ထူးခြားစွာဆောင်ရွက်ရန် သဘောတူညီချက်များ ရရှိထားပြီဖြစ်ကြောင်း အာဆီယံစီးပွားရေးဝန်ကြီးများ နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲ အခမ်းအနား၌ မလေးရှားဝန်ကြီးချုပ် အာမက်ဘာဒါဝီက ပြောကြားသည်။

ပြောကြား

မိမိတို့သည် တစ်ခုတည်းသော ဒေသဆိုင်ရာဈေးကွက်ကြီး ဖန်တီးနိုင်စွမ်း အမြန်ဆုံးဆောင်ရွက်နိုင်ခြင်း မရှိလျှင် အာဆီယံသည် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုကဲ့သို့သော အခြေအနေများ ဆုံးရှုံးရဖွယ်ရှိကြောင်း ၎င်းက မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

မိမိတို့သည် ထုတ်လုပ်ယှဉ်ပြိုင်မှုနှင့် အရေးကြီးသော စီးပွားရေးကဏ္ဍများကိုကာကွယ်ရန် မဖြစ်မနေ လုပ်ဆောင်ရမည့် အဆင့်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

ဈေးကွက်ကြီး

အာဆီယံ၏ တစ်ခုတည်းသော ဈေးကွက်ကြီးဖြစ်ထွန်းလာရေး အစီအစဉ်အရ ကုန်စည်များကို နယ်စပ်ဖြတ်ကျော်၍ လွတ်လပ်စွာစီးဆင်းစေရေး၊ အလုပ်သမား နှင့် ငွေကြေးစီးဆင်းမှုထိန်းချုပ်ခြင်း အဆင်ပြေစေရေး၊ ဈေးနှုန်းသက်သာသည့် စီးပွားရေးလုပ်ငန်းများ ဖန်တီးလုပ်ကိုင် ရေးနှင့် အိမ်တွင်းစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရေး တို့ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

ကန်နှင့်မူးယစ်ဆေးဝါးနှိမ်နင်းရေး စာချုပ်ချုပ်ရေး ဗင်နီဇွဲလား ပြန်လည်သုံးသပ်မည်

ကာရာကတ် ဩဂုတ် ၂၄

အမေရိကန်အစိုးရက ဗင်နီဇွဲလားနိုင်ငံနှင့် ကျူးဘားနိုင်ငံဆိုင်ရာ အထူးထောက်လှမ်းရေးအဖွဲ့ကို လွန်ခဲ့သည့် ရက်သတ္တပတ်က ဖွဲ့စည်းပြီးနောက် အမေရိကန်ပြည်ထောင်စုနှင့် မူးယစ်ဆေးဝါး နှိမ်နင်းရေးစာချုပ် လက်မှတ်ထိုးရေးနှင့်ပတ်သက်၍ ဗင်နီဇွဲလားနိုင်ငံက မယုံသင်္ကာ ဖြစ်နေကြောင်းဖြင့် ဗင်နီဇွဲလားပြည်ထဲရေးနှင့် တရားရေးဝန်ကြီး ဂျက်ဆီချာကွန်က ဩဂုတ် ၁၂ ရက်တွင် ပြောကြားလိုက်သည်။

သုံးသပ်

ကျူးဘားနှင့်ဗင်နီဇွဲလားဆိုင်ရာ ထောက်လှမ်းရေးမှူး တီထွင်တာဝန်ပေးရန် အမေရိကန်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး၏ အစီအစဉ်ကြောင့် ဗင်နီဇွဲလားနိုင်ငံအနေဖြင့် အမေရိကန် ပြည်ထောင်စုနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့်တကွ အခြားသော နှစ်နိုင်ငံစာချုပ်များကိုပါ ပြန်လည်သုံးသပ်ရမည်ဟု ဝန်ကြီးဂျက်ဆီချာကွန်က ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် အမေရိကန်မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့(ဒီအီးအေ)နှင့် ပူးပေါင်းဆောင်ရွက်မှုကို လွန်ခဲ့သည့်နှစ်က ရပ်ဆိုင်းလိုက်ပြီး ဒီအီးအေသည် ၎င်းအပေါ် လျှို့ဝှက်ထောက်လှမ်းနေသည်ဟုလည်း စွပ်စွဲထားသည်။ ဒီအီးအေသည် အမေရိကန်အမျိုးသား ထောက်လှမ်းရေးညွှန်ကြားရေးမှူးထံ အစီရင်ခံစာများ တင်ပြရမည့်အဖွဲ့ တစ်ခုဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

လက်ဘနွန်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရေးကိစ္စ အီးယူဝန်ကြီးများ အရေးပေါ်စည်းဝေး

ဘရပ်ဆယ် ဩဂုတ် ၂၄

ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံခြားရေးဝန်ကြီးများသည် သောကြာနေ့တွင် ကျင်းပမည့်အရေးပေါ်အစည်းအဝေးတွင် လက်ဘနွန်တောင်ပိုင်း၌ဖြန့်ကြက်မည့်ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့သို့ တပ်များ စေလွှတ်ရေးကိစ္စကို ဆွေးနွေးကြမည် ဖြစ်ကြောင်း အီးယူဥက္ကဋ္ဌ ဖင်လန်နိုင်ငံက ကြေညာသည်။

ကြေညာချက်

ဘရပ်ဆယ်၌ ကျင်းပမည့် အဆိုပါအစည်းအဝေးသို့ အီတလီနိုင်ငံက မေတ္တာရပ်ခံထားသည့်အတိုင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန် တက်ရောက်မည်ဟုလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

စေလွှတ်

အီတလီနိုင်ငံက အင်အား ၁၅၀၀၀ရှိ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ကို ဦးဆောင်ကွပ်ကဲပေးမည်ဟု ကမ်းလှမ်းထားသည်။ ထို့ပြင် ယခုအချိန်အထိ တပ်ဖွဲ့ဝင်ဦးရေအများဆုံးအဖြစ် အီတလီ တပ်သား ၃၀၀၀ စေလွှတ်မည်ဟုလည်း သိရသည်။

ဆွေးနွေး

အီးယူနိုင်ငံခြားရေးဝန်ကြီး များ၏ အရေးပေါ်အစည်းအဝေးက တပ်ဖွဲ့ဝင်များစေလွှတ်ရေးနှင့် မည်မျှအထိ စေလွှတ်ရေးတို့ကို ညှိနှိုင်းမည် ဖြစ်ပြီး ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၏အခွင့်အာဏာကိုလည်း ဆွေးနွေးကြမည် ဖြစ်ကြောင်း ဖင်လန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဆူဆနာက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

လက်နက်အပြိုင်တပ်ဆင်မှု ပါကစ္စတန်ပါဝင်မည်မဟုတ်

အစ္စလမ္မာဘတ် ဩဂုတ် ၂၄

ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို မြှင့်တင်မည်ဟူသော ပါကစ္စတန်နိုင်ငံ၏ အာမခံချက်ကို ထပ်မံအတည်ပြုလျက် ပါကစ္စတန် ဝန်ကြီးချုပ် ရှော့ကက်အဇစ်က လက်နက်အပြိုင်တပ်ဆင်မှုတွင် မပါဝင်လိုကြောင်း ဩဂုတ် ၂၂ ရက်တွင် အခိုင်အမာပြောကြားလိုက်သည်။

ပြောကြား

နိုင်ငံတစ်ခုခုအား ဆန့်ကျင်တိုက်ခိုက်နေသည့် အကြမ်းဖက်သမားများအား မိမိတို့အနေဖြင့် ခိုလှုံခွင့်ပေးမည်မဟုတ်သလို လက်နက်အပြိုင်တပ်ဆင်မှုတွင်လည်း ပါဝင်ရန် ဆန္ဒမရှိကြောင်းဖြင့် အစ္စလမ္မာဘတ်မြို့ရှိ အမျိုးသားကာကွယ်ရေးတက္ကသိုလ်၌ မိန့်ခွန်းပြောကြားရာတွင် ၎င်းကပြောကြားလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပါကစ္စတန်၌ ရေလွှမ်း၊ သေဆုံးသူ ၂၃၃ ဦးအထိရှိ

အစ္စလမ္မာဘတ် ဩဂုတ် ၂၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မုတ်သုံမိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းခဲ့သဖြင့် သေဆုံးသူ အရေအတွက်မှာ ၂၃၃ ဦးရှိပြီဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။ (အောက်ပုံ)

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသများတွင်မိုးသည်းထန်ခြင်းနှင့် ရေလွှမ်းမှုများမှာ စက်တင်ဘာ ၃၀ရက်နောက်ပိုင်းတွင် ပြီးဆုံးနိုင်ဖွယ်ရှိကြောင်း ပြည်နယ်ရေလွှမ်းမှု သတိပေးရေးဌာနမှ သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဖရွန်တီယာပြည်နယ်တွင် ရေလွှမ်းမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၂၃၃ ဦးနှင့်ဒဏ်ရာရသူ ၁၇၅ ဦးရှိကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလမ္မာဘတ် အနောက်မြောက်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာတွင်ရှိ မာဒန်အရပ်တွင် ရေလွှမ်းမှုအဆိုးရွားဆုံးဖြစ်ပြီး ဒေသခံပြည်သူ ၅၂ဦးသေဆုံးခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အိန္ဒိယ၌ ယာဉ်တိမ်းမှောက်မှုဖြစ်၊ လူ ၃၂ဦးသေဆုံး

အမီဒါဘတ် ဩဂုတ် ၂၄

အိန္ဒိယနိုင်ငံ မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ဩဂုတ် ၂၄ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ လူ ၃၂ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂျုရတ်ပြည်နယ် အမီဒါဘတ်မြို့ပြင်၌ ခရီးသည် ၁၉ဦးနှင့် ကုန်များတင်ဆောင်လာသည့် ထရပ်ကားတစ်စီး လမ်းချော်ပြီး ချောင်းအတွင်း ထိုးကျသွားသဖြင့် လူ ၁၇ဦး သေဆုံးခဲ့သည်။

အလားတူ အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂျမ်မူနှင့် ကက်ချ်မီးရားဒေသတွင် ဘတ်စ်ကားတစ်စီး ရာဂျောရီခရိုင်၌ လမ်းချော်ကာ တောင်ကြားသို့ ထိုးကျသွားသဖြင့် လူ ၁၅ဦး သေဆုံးပြီး ၂၄ဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်ပွားရာဒေသသည် အိန္ဒိယနိုင်ငံ၏အနောက်မြောက်ပိုင်း မိုင် ၁၀၀အကွာ၌ တည်ရှိသောဒေသဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်ကျောင်းသား ၂၅၀ ပါဝင်သောအဖွဲ့ ဂျပန်နိုင်ငံသို့အလည်အပတ်ရောက်ရှိ

တိုကျို ဩဂုတ် ၂၄

တရုတ်နိုင်ငံမှ ကျောင်းသားလူငယ် ၂၅၀ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ဩဂုတ် ၂၂ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့သို့ရောက်ရှိလာကြရာ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြိုဆိုခဲ့ကြောင်းသိရသည်။

ထိုတရုတ်ကျောင်းသားလူငယ်များသည် ဂျပန်နိုင်ငံတွင် ကိုးရက်ကြာ အပြန်အလှန် အလည်အပတ်ခရီးစဉ်အရ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ တရုတ်နှင့် ဂျပန်နှစ်နိုင်ငံတို့အနေဖြင့် နှစ်ဖက်ပြည်သူများအကြား အပြန်အလှန် လည်ပတ်ရေးခရီးစဉ်များကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် နိုင်ငံ့အနာဂတ်တာဝန်ကို ပခုံးပြောင်းတာဝန်ယူမည့် လူငယ်များအကြား အပြန်အလှန်ဆက်ဆံရေး တိုးမြှင့်စေရန် ယခု အလည်အပတ် ခရီးစဉ်များသည် အရေးကြီးကြောင်း တရုတ်လူငယ်ကျောင်းသားများကို ကြိုဆိုသည့်အခမ်းအနား၌ ဂျပန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ယာဆူဟီဆာရှီဇာကီက ပြောကြားသည်။

မျှော်လင့်

တရုတ်ကျောင်းသား လူငယ်များအနေဖြင့် ဂျပန်နိုင်ငံရှိ တိုချီဂီ၊ ကာနာဂါဝါ၊ အကီတာ၊ အာရှိမိုရီ၊ ယာမာဂါတာမြို့များအပါအဝင် အခြားနေရာဒေသလေ့လာရေး အလည်အပတ်ခရီးစဉ်အတွင်း ဂျပန်နိုင်ငံသားများနှင့် မိတ်ဆွေဖြစ်မှုကို ထူထောင်နိုင်မည်ဖြစ်ပြီး ဂျပန်နိုင်ငံနှင့် ပတ်သက်သည့်အကြောင်းအရာများကိုလည်း သိရှိနိုင်မည်ဟု မျှော်လင့်ကြောင်းလည်း ရှီဇာကီက ပြောကြားသည်။

တိုးတက်

ယခုကဲ့သို့ တရုတ် ကျောင်းသားလူငယ်များ ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီး လာရောက်သည့်ခရီးစဉ်မှာ နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးကို တိုးတက်ကောင်းမွန်မည့် လက္ခဏာ ဆောင်ကြောင်း ဂျပန်နိုင်ငံရှိတရုတ်သံအမတ်ကြီး ကောင်ဟွမ်ယူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကနေဒါနိုင်ငံ အော့တဝါမြို့ရှိ ဂျင်နရယ် မော်တော်ကား ထုတ်လုပ်ရေးစက်ရုံတစ်ခု၏ လုပ်ငန်းခွင်တစ်နေရာကို ဩဂုတ် ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

အာဖဂန်နစ္စတန်၌ ကားဗုံးခွဲတိုက်ခိုက်

ကဘူး ဩဂုတ် ၂၄

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဩဂုတ် ၂၂ရက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ စစ်ဘက်မော်တော်ယာဉ်တစ်စီးဖြင့် ကင်းလှည့်စဉ် ကားဗုံးခွဲတိုက်ခိုက်မှုခံရခြင်းဖြစ်ကြောင်း၊ ဖြစ်ပွားမှုမှာ ကန်ဒါဟာပြည်နယ် ကန်ဒါဟာစီးတီးတွင်ဒေသစံတော်ချိန် ညနေ ၃နာရီ ၁၅မိနစ်ခန့်က ဖြစ်ကြောင်း အာဖဂန်နစ္စတန်ရှိ အမေရိကန်နှင့် အပေါင်းအပါတပ်ဖွဲ့မှ ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။

ထိုသို့ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် စစ်ယာဉ်နှစ်စီးမီးလောင်သွားကြောင်း၊ အခင်းဖြစ်ပွားရာနေရာ၌ အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များ လုံခြုံရေးအထူးတင်းကျပ်ထားကြောင်း သိရသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ပြီး ဆေးကုသမှုခံယူပေးထားကြောင်း၊ ယခုအခါ လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒဏ်ရာရရှိသူများမှာ ကနေဒါတပ်ဖွဲ့ဝင်များဖြစ်နိုင်ကြောင်းလည်း အဆိုပါသတင်း၌ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ ကနေဒါတပ်ဖွဲ့ဝင် ၂၁၀၀ခန့် တပ်ဖြန့်ချထားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မံမီရုပ်အလောင်း ပေကျင်း၌ တူးဖော်တွေ့ရှိ

ပေကျင်း ဩဂုတ် ၂၄

တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ သက်တမ်း နှစ်၂၈၀ရှိသည့် ဆေးစီရင်ထားသော မံမီ ရုပ်အလောင်းကို ရှေးဟောင်းသုတေသန ပညာရှင်များက ရှာဖွေတွေ့ရှိသည်။ ၎င်းရုပ်အလောင်းသည် အမျိုးသား ရုပ်အလောင်းဖြစ်ရာ ခန္ဓာကိုယ်အရှည် ၁ဒသမ ၇၃မီတာရှိပြီး ဘယ်ဘက်ခြေထောက်တွင် ခြေချောင်း ခြောက်ချောင်း ပါရှိသည်ဟုဆိုသည်။

၎င်းရုပ်အလောင်းသည် သက္ကရာဇ် (၁၆၆၂-၁၇၂၂)ခန့်က ကန်ဇီမင်းဆက်လက်ထက်က မြှုပ်နှံခဲ့သည့် ရုပ်အလောင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနဌာနက သတင်းထုတ်ပြန်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာ့တစ်လွှား ထူးထူးခြားခြား

ပုလင်းပန်းချီရေးဆွဲပြသ

ပုလင်းပန်းချီပုံများကို ရေးဆွဲနေသူတစ်ဦးအား တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ပေကျင်းမြို့ ပန်းချီ ပြပွဲတစ်ရပ်၌ ဖန်ပုလင်းများအတွင်းနံရံများတွင် စုတ်တံဖြင့် လက်တွေ့ပန်းချီရေးဆွဲပြနေသော တရုတ်နိုင်ငံသား အနုပညာရှင်တစ်ဦးမှာ အလွန်သေးငယ်သော ပုလင်းငယ်များ အတွင်းယင်းကဲ့သို့ စုတ်တံဖြင့်ပန်းချီရေးဆွဲပြသခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**



ကြောင်အများဆုံးနှင့်နေသူ

အိမ်မွေးကြောင်အရေအတွက် အများဆုံးမွေးမြူထားသော နေအိမ်ကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ဆင်ခြေဖုံးရှိ နန်ဟွေအရပ်တွင် နေထိုင်သူ အသက် ၆၁နှစ်အရွယ်ရှိ တရုတ်အမျိုးသမီးကြီး ဟန်ယန်ဟိုအိမ်တွင် မွေးမြူထားသော အိမ်မွေးကြောင် အရေအတွက်မှာ ၁၄၃ ကောင်ရှိရာ အိမ်မွေးကြောင် အရေအတွက် အများဆုံးနှင့် နေထိုင်သူတစ်ဦးအဖြစ် မှတ်တမ်းတင်ခံရမည်ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘောဒီးယားတွင် တီဘီရောဂါထိန်းချုပ်ရေး ငါးနှစ်စီမံကိန်းချမှတ် ဆောင်ရွက်

ဖနောင်ပင် ဩဂုတ် ၂၄

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၀၆-၂၀၁၀ပြည့်နှစ်တာကာလအတွင်းတီဘီရောဂါထိန်းချုပ်ရေး ငါးနှစ်တာ မဟာဗျူဟာအစီအစဉ်ကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ တီဘီရောဂါနှင့် အနာကြီးရောဂါ ဆိုင်ရာအမျိုးသားဌာနက ဩဂုတ်၂၂ရက်၌ ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် တီဘီရောဂါ ထိန်းချုပ်ရေးအတွက် အထွေထွေပြည်သူ့ကျန်းမာရေးတိုးတက်စေရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးများကို ပိုမိုဆောင်ရွက်ခြင်းဖြင့် တီဘီရောဂါ ကူးစက်ခံရမှုများနှင့် သေဆုံးမှုများကို လျှော့နည်းကျဆင်းစေမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ မင်ဘန်ဟန်က ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၀၆-၂၀၁၀ပြည့်နှစ်ကာလအတွင်း တီဘီရောဂါ ဝေဒနာရှင် ၈၅ရာခိုင်နှုန်းကျော် ဆေးကုသခွင့်ရရှိရန်နှင့် အနည်းဆုံး ၇၀ရာခိုင်နှုန်း ရောဂါပျောက်ကင်းအောင် ဆောင်ရွက်သွားရေး ရည်မှန်းချက်ထားရှိသည်ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ရည်မှန်းချက်

ထို့အတူ ၂၀၁၀ပြည့်နှစ်ကုန်တွင် တီဘီရောဂါနှင့်အေအိုင်ဒီအက်စ်ရောဂါများ ထိန်းချုပ်နိုင်ရေး ရည်မှန်းချက်နှစ်ရပ်ကိုလည်း ချမှတ်ထားသည်။

သေဆုံးခဲ့

ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင်တီဘီရောဂါဖြစ်ပွားမှုအဆိုးရွားဆုံးခံစားရသည့် နိုင်ငံများ၌ ပါဝင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ လောလောဆယ်တွင် ကမ္ဘောဒီးယား ပြည်သူတစ်သိန်းလျှင် တီဘီရောဂါဖြစ်ပွားသူ ၅၁၀ ခန့်ရှိနေသည်။ တီဘီရောဂါကြောင့် သေဆုံးသူမှာ လူတစ်သိန်းလျှင် ၉၄ဦးရှိနေသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ခရီးသွားလုပ်ငန်းများ တိုးမြှင့်နိုင်ရေး စင်ကာပူ-မလေးရှား ပူးပေါင်းဆောင်ရွက်မည်

စင်ကာပူ ဩဂုတ် ၂၄

စင်ကာပူနှင့် မလေးရှားနှစ်နိုင်ငံအကြား လူငယ်များအပြန်အလှန် အလည်အပတ်ခရီးစဉ်များ တိုးမြှင့်သွားလာရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စင်ကာပူခရီးသွားလုပ်ငန်းအဖွဲ့နှင့် မလေးရှားခရီးသွားလုပ်ငန်းတို့က ဩဂုတ် ၂၂ရက်က ထုတ်ပြန်သော ပူးတွဲကြေညာချက်၌ ဖော်ပြသည်။

တိုးမြှင့်ဆောင်ရွက်

နှစ်နိုင်ငံတို့မှ အသက် ၂၁နှစ်အရွယ် လူငယ်များ ခရီးသွားလာရေးအတွက် ခရီးစဉ်ရွေးချယ်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး စင်ကာပူနှင့် မလေးရှားနိုင်ငံတို့အပြင် အခြားနိုင်ငံများသို့ ခရီးသွားလာရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် ဆန်တိုဆာကျွန်း၊ ဂျူရွန်ကျေးငှက်ဥယျာဉ်နှင့် စင်ကာပူတိရစ္ဆာန်ဥယျာဉ် စသည့်နေရာများအပါအဝင် အခြားစိတ်ဝင်စားဖွယ်နေရာများနှင့် မလေးရှားနိုင်ငံတွင် မီလာကာတိရစ္ဆာန်ဥယျာဉ်နှင့် နိုက်တိရစ္ဆာန်ဥယျာဉ်အပြင် ပူထရာဂျာယာကဲ့သို့သောနေရာများ စသည့်အလည်အပတ်ခရီးစဉ်များ ပါဝင်မည်ဖြစ်သည်။

ပိုမိုဖြစ်ထွန်း

ယခုကဲ့သို့ လူငယ်လေ့လာရေး အလည်အပတ်ခရီးစဉ်များ ထူထောင်ခြင်းသည် နှစ်နိုင်ငံယဉ်ကျေးမှု အပြန်အလှန်ဖလှယ်နိုင်ပြီး ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေး တိုးမြှင့်စေရန်လည်း အကျိုးရှိရာ နှစ်နိုင်ငံလူငယ်များအကြား နားလည်မှုပိုမိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့ပန်းချီလောက အချိန်နှင့်အမျှ ရှင်သန်ပွံ့ဖြိုးအောင် ကြိုးပမ်းအားထုတ်နေ

✳ ကျော့ဖုံးမှ

အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ပြခန်း၌ ဩဂုတ် ၂၄ ရက်မှ ဩဂုတ် ၃၀ အထိ ခင်းကျင်း ပြသလျက်ရှိသည့် "High Key"အမည်ရှိ ပန်းချီ ပြပွဲသို့ မြန်မာ့အလင်း သတင်းအဖွဲ့ အနုပညာခရီး ရောက်ရှိခဲ့သည်။

မြန်မာ့သဘာဝ

သာကေတမြို့နယ်မှ ပန်းချီဆရာ ၁၆ ဦးတို့က စုပေါင်းပြီး ပန်းချီကား ၉၂ ကားကို ခင်းကျင်းပြသထားရာ ဆီဆေး၊ ရေဆေးနှင့် အခရိုင်းလစ်တို့ အသုံးပြုရေးဆွဲထားသော ပန်းချီကားများကို တစ်ဝကြီးလေ့လာခွင့်ရခဲ့သည်။ ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ပန်းချီကားများမှာ မြန်မာ့အလှ မြန်မာ့သဘာဝရှုခင်းများကို ဖော်ကျူးထားသည့် ပန်းချီကားချည်းဖြစ်ရာ နှစ်သက်စရာပင်ဖြစ်သည်။

သဘာဝအတိုင်း ကြည်လင်သော ရေပြင်နှင့် ကျောက်တုံးလေးများကို အနုစိတ် လှလှပပ စိတ်ဝင်စားဖွယ်ဖြစ်အောင် ပန်းချီ ဆရာမ ဒေါက်တာ ခင်မေကြည်၏ မလိခအမည်ရှိ ပန်းချီကားမှာ အမြင်ဆန်းလှသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဧရာဝတီမြစ်ကမ်း

ပထမဦးစွာ ပန်းချီဆရာ ဆြာနွယ်၏ **"ဧရာဝတီ"**အမည်ရှိ ပန်းချီကားကို လေ့လာမိသည်။ ဧရာဝတီမြစ်ကမ်းမှ ကုန်ပစ္စည်းများကို နွားလှည်းများဖြင့် သယ်ဆောင်လာပုံဖြစ်သည်။ မကွေးနှင့် မင်းဘူးမြို့အကြား တံတားမဆောက်မီအချိန်က မြင်ကွင်းဖြစ်သည်။ နွားများအပေါ် အလင်းရောင်ကျနေပုံ၊ ဧရာဝတီမြစ်ကမ်းတွင် သောင်ထွန်းပြီး ကျွန်းဖြစ်နေပုံများကို အရောင်အားတင်ပြီး အမြင်ရှင်းအောင် ရေးဆွဲထားသည်။ အနောက်ဘက်တောအုပ် တောင်စွယ်များကို စိမ်းညို့ညို့ကောင်းကင်ဖျော့ဖျော့ကို စုတ်ချက်ပါးပါး လိုက်ထားသဖြင့် တကယ့်သဘာဝမြင်ကွင်းအတိုင်း ပေါ်လွင်အသက်ဝင်လာအောင် ဖန်တီးထားသော ဆြာနွယ်၏ လက်ရာကားရင့်ကျက်တည်ငြိမ်သော ရေးဟန်ဖြစ်ကြောင်း တွေ့ရသည်။

အမြင်ဆန်း

ပန်းချီဆရာမ ဒေါက်တာ ခင်မေကြည်၏ **"မလိခ"** အမည်ရှိ ပန်းချီကားကလည်း အမြင်ဆန်းသဖြင့် လေ့လာမိသည်။ မြစ်ကြီးနားမြို့အနီး မလိခမြစ်ကျဉ်းတစ်နေရာကိုအနောက်ဘက်မှ တွေ့မြင်ရသည့် မြင်ကွင်းပုံဖြစ်သည်။ မလိခမြစ်ကျဉ်းအတွင်း စက်လှေဖြင့်ခရီးသွားနေသူများ၊သဘာဝအတိုင်း ကြည်လင်သန့်ရှင်းနေသော ရေနှင့် ကျောက်တုံးလေးများကို အနုစိပ် လှလှပပ စိတ်ဝင်စားဖွယ်ဖြစ်အောင် ခြယ်မှုန်းထားနိုင်သည်။ ကချင်တောင်တန်းနောက်ခံတွင် ဆန်းသစ်သောရေးဟန်ဖြင့်တောတောင်သဘာဝအလှကို အရောင်၊ အလင်းတို့ဖြင့် ပိုင်နိုင်စွာ တင်ပြထားပုံမှာ မြန်မာနိုင်ငံတွင် ဤသို့လှပသော ရှုခင်းများရှိကြောင်း ကမ္ဘာလှည့်ခရီးသွားများကို ဖွင့်လှစ်ပြသနေသကဲ့သို့ ရှိနေသည်။ ဆေးထိုးအပ်ကိုကိုင်ကာ ဆေးကုသနေသည့် ဆရာဝန်တစ်ဦးက စုတ်တံကိုင်ပြီး ပန်းချီကားတစ်ချပ် ဖန်တီးရာတွင်လည်း အဆင့်အတန်းရှိကြောင်း တွေ့ရှိရသည်။

ကြာပန်းအလှ

"ကြာ"အမည်ရှိ ပန်းချီကားမှာ ဆရာအမ်မြတ်မင်း၏ ဆီဆေးပန်းချီကားဖြစ်သည်။ လယ်ကွင်းအတွင်း ပေါက်နေသော ကြာပန်းနှင့် ကြာရွက်များကို အသားပေးရေးဆွဲထားခြင်းဖြစ်သည်။ ကြာပန်းပေါ်တွင် အလင်းရောင်ကျရောက်မှုကို အဓိကအသားပေးထားပြီး ခရမ်းဖျော့ဖျော့၊ အဖြူနှင့် အပြာရောင်များ၊ ကြက်သွေးရောင်နှင့် အညိုရင့်ရောင်တို့ကို အမှောင်ဖြစ်အောင် အချိုးကျပေါင်းစပ်ရေးဆွဲထားသဖြင့် ကြာပန်းအလှသည် ထင်းနေအောင် ပေါ်လွင်လာသည်။ အရောင်အသွေးကို ကျွမ်းကျင်စွာ အသုံးပြုရေးဆွဲနိုင်သော လက်ရာပင်ဖြစ်သည်။

ဆွဲဆောင်မှု

"မောင်နှမ"အမည်ရှိ ပန်းချီကားမှာ ဆရာနေနိုင်၏ လက်ရာဖြစ်သည်။ အငယ်ဖြစ်သူကို ထိန်းနေသော မိန်းကလေးငယ်လေး၏ ပြုံးတုံ့တုံ့မျက်နှာပေး၊ မောင်နှမနှစ်ဦးအပေါ် အလင်းရောင် ကျရောက်ပုံတို့ကို အနက်၊ ခဲရောင်၊ နီညိုရောင်တို့ဖြင့် ပေါင်းစပ်ကာ သဘာဝကျစွာ ရေးဆွဲထားခြင်းဖြစ်သည်။ဆွဲဆောင်မှုရှိသော ပန်းချီကားတစ်ချပ်ပင် ဖြစ်သည်။

ပန်းချီဆရာ မြတ်ဟန်၏ ပန်းသည် အမည်ရှိ ပန်းချီကားမှာ ပန်းများအပေါ် အလင်းရောင်ကျနေပုံကို ဤသို့ အမိအရ ဖော်ကျူးထားသည်။
ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)



ပန်းချီဆရာနေနိုင်၏ မောင်နှမအမည်ရှိ ပန်းချီကားမှာ ကလေးငယ်နှစ်ဦး၏ ရိုးရှင်းသော ပင်ကိုသဘာဝကို ဖော်ပြနိုင်သည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပန်းသည်

တစ်ဖန် ပန်းချီဆရာမြတ်ဟန်၏ **"ပန်းသည်"**အမည်ရှိ ပန်းချီကားမှာ အခရိုင်းလစ်ဆေးဖြင့် ရေးဆွဲထားသည့် ပန်းချီကားဖြစ်သည်။ ညောင်ဦးဈေးတွင် နံနက်ပိုင်း ပန်းရောင်းနေသည့် အမျိုးသမီးဈေးသည်တစ်ဦး၏ မြင်ကွင်းပုံဖြစ်သည်။ အမြင့်မှကြည့်ရှုခံစားရသည့် မြင်ကွင်းဖြစ်ပြီး ပန်းများအပေါ် အလင်းရောင်ကျနေပုံကို အမှောင်ခံအားပြုပြီး မိတ်ဖက်အရောင်များဖြင့် ရေးဆွဲထားခြင်းဖြစ်ရာ ပန်းရောင်းသူတစ်ဦး၏ ဟန်ပန်ကို အမိအရ ဖော်ကျူးနိုင်ပေသည်။

ရုပ်လုံးကြွအောင်

ပန်းချီဆရာ ထွန်းဝင်း၏ **"ပန်းသီး"**အမည်ရှိ ဆီဆေးကားမှာ တကယ့်ပန်းသီးခိုင်အလား ထင်မှတ်မှားစရာ ဖြစ်ရသည်။ အနီနှင့် ခရမ်းရောရောင်၊ အနီနှင့် အဝါရောရောင်တို့ဖြင့် ပန်းသီး၏အလှကို ရုပ်လုံးကြွအောင် တင်ပြထားနိုင်သလို ပန်းသီးပေါ်တွင် ရေစက်လေးများပါ ဖြည့်စွက်ခြယ်မှုန်း ထားသဖြင့် ပန်းသီးမှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်လာရသည်။ နောက်ခံ အရောင်မှိုင်းမှိုင်းကြောင့် ပန်းသီးများပိုပြီး ပေါ်လွင်လာသလို ပန်းသီးများအပေါ် အလင်းရောင်ရိုက်ခတ်ထားပုံကို စုတ်ချက်ဆဆဖြင့် ဖော်ပြထားမှုကြောင့် စိတ်အာရုံကို ဖမ်းစားနိုင်ပေသည်။

ကြာအမည်ရှိ ဆရာအမ်မြတ်မင်း၏ ဆီဆေးပန်းချီကားမှာ ကြာပန်းအလှကို ဤသို့အနုစိတ်ဖော်ပြထားသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့အလှသဘာဝ

မြန်မာ့အလှ၊ မြန်မာ့သဘာဝ မြင်ကွင်းများကို အရောင်များ အသုံးပြုကာ ကျွမ်းကျင်သော စုတ်ချက်လက်ရာများဖြင့် ခြယ်မှုန်းထားသော ပန်းချီကားများ ခင်းကျင်းပြထားသည့် "High Key"ပန်းချီပြပွဲမှာသွားရောက်လေ့လာသင့်သော ပန်းချီပြပွဲ ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ခံစားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

● ကျော့ဖုံးမှ

၂၀၁၄ ခုနှစ်

အဆိုပါ လူလိုက်ပါနိုင်သော လေ့လာရေးအာကာသယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ၂၀၁၄ ခုနှစ်ထက် နောက်မကျစေဘဲ သွားရောက်မည်ဖြစ်ပြီး လကမ္ဘာသို့ ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျစေဘဲ လေ့လာနိုင်မည်ဟုဆိုသည်။

အစားထိုးတည်ဆောက်

ယင်းလေ့လာရေးယာဉ်ကို လော့ဟီးမာတင် သို့မဟုတ် နော့ထရို့ပ်ဂရမ်မန်/ဘိုးရင်းကုမ္ပဏီများက လွန်းပြန်ယာဉ်ကို အစားထိုး၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန် အာကာသယာဉ်မှူး ဂျက်ဖ်ဝီလျံက ကမ္ဘာမြေအထက် မိုင်ပေါင်း ၂၂၀ ၌တည်ရှိသော နိုင်ငံတကာ အာကာသစခန်းမှ လာမည့်နှစ်အနည်းငယ်အတွင်း လကမ္ဘာလေ့လာမည့် အာကာသယာဉ်အမည်ကို အိုရီယွန်ဟု သတင်းပေးပို့လျက် အမည်ပေးခဲ့သည်။

နှစ်ဆခွဲပိုကြီး

အိုရီယွန်လေ့လာရေး အာကာသယာဉ်၏ အရွယ်အစားမှာ အချင်းဝက် ၁၆ ဒသမ ၅ ပေ၊ ဒြပ်ထု ၂၅ တန် ရှိပြီး အပိုလို အာကာသယာဉ်ထက် နှစ်ဆခွဲပို၍ ကြီးသည်။

ထိုအာကာသယာဉ်သည် လကမ္ဘာသို့လူသားများ အချိန်ကာလရှည်ခရီးအဖြစ် သွားရောက်နိုင်မည့် လေ့လာရေးယာဉ်ဖြစ်သည်။ ယင်းမှတစ်ဆင့် အင်္ဂါဂြိုဟ်သို့လည်း သွားရောက်လေ့လာလိမ့် မည်ဖြစ်ကြောင်း သိရသည်။ **(ကိုးကား-အင်တာနက်)**

စတုတ္ထအကြိမ် စာပေနှင့်စာနယ်ဇင်းညီလာခံ အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဩဂုတ် ၂၄

သဃ်န်းကျွန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံအတွေ့အကြုံရှင်းလင်းပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြို့နယ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး (မောင်ဟေမာ)တို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးဝင်းထက်နိုင်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စာပေညီလာခံကိုယ်စားလှယ် ရေနံမြေမောင်မောင်ရေးက စတုတ္ထအကြိမ် စာပေညီလာခံဖွင့်ပွဲနေ့တွင် ပြောကြားခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) နှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးတို့၏ မှာကြားချက်များကိုလည်းကောင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ညီလာခံကိုယ်စားလှယ် မောင်နေမျိုးက စတုတ္ထအကြိမ်စာပေ ညီလာခံအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ဗဟိုအမှုဆောင်ရွေးချယ်ခြင်းများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀၀ခန့်ရှိသော မဂ္ဂဇင်း၊ ဂျာနယ်၊ လုံးချင်းစာအုပ်မျိုးစုံကို ဥက္ကဋ္ဌ မောင်နေမျိုးက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီး ထံသို့ ပေးအပ်လှူဒါန်းပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၏ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင်လျှောက်လွှာများကို မြို့နယ်စာပေနှင့်စာနယ်ဇင်း ဘဏ္ဍာရေးမှူး ယုဝတီသဇင်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌသို့ ပေးအပ်သည်။

ဟောပြော

ထို့နောက် စာရေးဆရာ ဘသစ်ထူး၊ ဘသက်ဆွေ၊ ဒေါ်မြသဇင်၊ သုမောင် နှင့် အဏ္ဏဝါစိုးမိုးတို့က အသီးသီး ဟောပြောကြသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၈-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ အကပြိုင်ပွဲ
၈း၀၅ ၆။ ကြေးမုံရိပ်သွင်တေးနယဉ်
၈း၁၅ ၇။ အတီးပြိုင်ပွဲ
၈း၂၅ ၈။ မရမ်းကုန်းရေထိန်းတံခါး
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ English for Everyday Use
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ တေးဂီတအစီအစဉ်
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇း၃၀ ၇။ "မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့" လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း (ဒါရိုက်တာ-သက်တင်)
၁၇း၄၀ ၈။ နှောင်းခေတ်တေးပဒေသာ
၁၇း၅၀ ၉။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) [အဆင့်မြင့်ပညာအဆင့်] (အမျိုးသမီး)
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ သုတစုံလင် ရွှေဥဏ်ရှင်
၁၉း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း-၁၈)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း-၁၄)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှအဖွဲ့တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား China Yunnan Corporation (CYC) မှ Chairman Mr.Guo Xiao Yong နှင့်အဖွဲ့သည် ဩဂုတ် ၂၃ ရက် နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ဆိုကတီးပြိုင်ပွဲဆက်

ရန်ကုန် ဩဂုတ် ၂၄

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင်များ၏ ဆဋ္ဌမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ တတိယနေ့အစီအစဉ်များကို ဩဂုတ် ၂၂ ရက် နံနက် ၇နာရီခွဲတွင် မန္တလေးမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲရှိ ကဇာတ်ခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်အားပေး

အဆိုပါ ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး၊ အနုပညာဦးစီးဌာန (မန္တလေး)တို့မှ အကဲဖြတ်ဒိုင်များနှင့်အနုပညာဝါသနာရှင်များတက်ရောက်အားပေးကြသည်။

တတိယနေ့ပြိုင်ပွဲ နံနက်ပိုင်းတွင် ခေတ်ပေါ်တေး(အမျိုးသား) အဆိုပြိုင်ပွဲကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် အကပြိုင်ပွဲ(အမျိုးသမီး) ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပခဲ့ပြီး ညပိုင်းတွင် အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲနှင့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲတို့မှပြဇာတ်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ မြန်မာနိုင်ငံ၌အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုများဆွေးနွေးခဲ့

ရန်ကုန် ဩဂုတ် ၂၄

ကနေဒါနိုင်ငံ တိုရန်တိုမြို့၌ ၂၀၀၆ ခုနှစ် ဩဂုတ် ၁၃ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် (၁၆)ကြိမ်မြောက် နိုင်ငံတကာခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာညီလာခံသို့ ပါဝင်တက်ရောက်ခဲ့သော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးခေါင်းဆောင်သော ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်သို့ပြန်လည်ရောက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးနှင့် ညွှန်ကြားရေးမှူးချုပ်များက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(၁၆)ကြိမ်မြောက် နိုင်ငံတကာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက် ညနေပိုင်းတွင် တိုရန်တိုမြို့လယ်ရှိ ရိုဂျာစ်ခန်းမ၌ကျင်းပရာ ကနေဒါနိုင်ငံ ဘုရင်ခံချုပ် မစ်ဂျယ်လီဂျင်းက ဖွင့်လှစ်ပေးပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သုတေသီများ၊ ပညာရှင်များ၊ မိုက်ခရိုဆော့ဖ်ကွန်ပျူတာကုမ္ပဏီ ဥက္ကဋ္ဌ ဘီလ်ဂိတ်နှင့်ဇနီး အပါအဝင် ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအတွက် အလှူရှင်များ၊ HIV ရောဂါပိုး ကူးစက်ခံနေရသူ ဝေဒနာရှင်များ စုစုပေါင်း ၃၀၀၀၀ ခန့် တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် အလှူရှင်ဖြစ်သူ မိုက်ခရိုဆော့ဖ်ကွန်ပျူတာ ကုမ္ပဏီဥက္ကဋ္ဌ ဘီလ်ဂိတ်က အမျိုးသမီးများတွင် ခုခံအားကျဆင်းမှုကူးစက်ခံရမှုလျော့နည်းစေရေးအတွက် အနာဂတ်တွင် အမျိုးသမီးများ ပိုးသတ်ဆေး (Mocrobicide)သုံးစွဲနိုင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ဈေးနှုန်းချိုသာသော ဆေးဝါးများထုတ်လုပ်ရန် သုတေသနပြုမှုများ ဆောင်ရွက်နိုင်ရန် ပိုမို အားပေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လုပ်ငန်းဆောင်ရွက်ခဲ့

ညီလာခံဖွင့်ပွဲအခမ်းအနားအပြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ခေါင်းဆောင်သော မြန်မာကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့သည် ကျွမ်းကျင်မှုဆိုင်ရာ အစုအဖွဲ့လိုက် ကျင်းပသည့် ဆွေးနွေးပွဲများတက်ရောက်ခြင်း၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းများနှင့် အဖွဲ့အစည်းအသီးသီးမှ ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်ခဲ့မှုပြခန်းများ၊ ပိုစတာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် အဖွဲ့ဝင်များနှင့်အတူကုလသမဂ္ဂ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးအစီအစဉ်(UNAIDS) မှ ဦးဆောင်ကျင်းပသော Target Setting for towards universal access meeting of national AIDS council commission / program အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဆွေးနွေးခဲ့

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဩဂုတ် ၁၈ ရက်တွင် ညီလာခံကျင်းပသည့် International Business Centre ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနချုပ်မှ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးဌာန ညွှန်ကြားရေးမှူးဖြစ်သူ Dr. Kevin de Cock နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ခုခံအား ကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

လိုက်ပါလာ

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ခေါင်းဆောင်သော မြန်မာကျန်းမာရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသောကျန်းမာရေးဦးစီးဌာန ခုခံအားကျ/ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်မှ လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာဝင်းမာ၊ ပခုက္ကူခရိုင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာတင်မောင်ထွေးနှင့် မိတ္ထီလာခရိုင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးအဖွဲ့မှအဖွဲ့ခေါင်းဆောင် ဒေါက်တာ အောင်ကျော်ထွေးတို့ ပြန်လည် လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူမှုဖူလုံရေးလုပ်ငန်း လှိုင်သာယာ၌ဟောပြော

ရန်ကုန် ဩဂုတ် ၂၄

လှိုင်သာယာ စက်မှုဇုန်(၃)၌ တည်ရှိသော လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားသည့် ပုလဲအထည်ချုပ်စက်ရုံရှိ ဝန်ထမ်းများအား လူမှုဖူလုံရေး စီမံကိန်းနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၁၄ရက်က ကျင်းပရာ မြို့နယ်လူမှုဖူလုံရေးအဖွဲ့ ရုံးခွဲတာဝန်ခံ ဦးသောင်းမြင့်က လူမှုဖူလုံရေးလုပ်ငန်းဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် ဆေးကုသပေးခြင်း အသိပညာပေး ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (မြန်မာ့အလင်း)**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌မိုးလျော့နည်းမည်

ရန်ကုန် ဩဂုတ် ၂၄

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အများအားဖြင့် အားနည်းနေသည်။

ဩဂုတ် ၂၅ ရက် ညနေအထိ ခန့်မှန်းချက်အရ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် အများအားဖြင့် မိုးလျော့နည်းမည်ဟု သိရသည်။

(မြန်မာ့အလင်း)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ နယ်စပ်များမှ တရားမဝင် တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး အာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့် ကုမ္ပဏီအမည်	နိုင်ငံ
၁။	Vitamin C Injection (Ascorbic acid USP 500 mg)	T.P.Drug Laboratories (1969) Co.,Ltd.	Thailand
၂။	Nivagin 1 G/2ml Injection [(Sodium phenyl-dimethyl-pyrazolone-methyl-amino-methane sulphate)metamizol]0.5mg (Lidocaine HCL 0.01 G)	T.P.Drug Laboratories	Thailand Co.,Ltd.
၃။	Hydrogen peroxide Sahakam 20 volume (Hydrogen peroxide 6%)	ထိုင်း စာသားများဖြင့် ဖော်ပြထားပါသည်။	Thailand
၄။	Ampi-125 Dry Syrup (Ampicillin trihydrate equivalent to ampicillin 125 mg)	T.Man Pharma Ltd.,Part.	Thailand
၅။	T.V. Mox Dry Syrup (Amoxicillin trihydrate equivalent to amoxicillin 125 mg)	T.Man Pharma Ltd.,Part.	Thailand

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများတင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဗြိတိန်သံအမတ်ကြီး တရားမဝင် အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံနေ ကျန်းမာရေးကဏ္ဍတွင် ကူညီရန်အကြောင်းပြ၍ နည်းမမှန်လမ်းမမှန် ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံနှင့် ပြည်သူများအပေါ် အမှန်တကယ် စေတနာရှိပြီး ပါဝင်ဆောင်ရွက်လိုပါက ကျန်းမာရေးဝန်ကြီးဌာနနှင့်သာ ညှိနှိုင်းဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သင့်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးအဖြစ် မကြာမီရက်ပိုင်းအတွင်းက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်တာဝန်ထမ်းဆောင်ခဲ့သော ဗြိတိန်သံအမတ်ကြီး မစ္စတာမာ့(ခ်)ကန်းနင်းသည် ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ NLD ဌာနချုပ်၌ NLD ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တွေ့ဆုံခဲ့ပြီးနောက် ထိုနေ့ညနေပိုင်းတွင် ဗြိတိန်သံအမတ်ကြီး၏ နေအိမ်နှင့်ကပ်လျက်ရှိ ဗြိတိသျှကလပ်၌ တရားမဝင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) မှ ဦးအေးသာအောင်၊ ဦးနိုင်ထွန်းသိန်း၊ ဦးကျင်ရှင်းထန်၊ ဦးထောင်ခိုထန်းတို့နှင့်လည်း တွေ့ဆုံခဲ့ကြောင်း ဆက်လက်သတင်းရရှိသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအတွင်း တီဘီ၊ ငှက်ဖျားရောဂါနှင့် AIDS ရောဂါ ကာကွယ်ကုသရေးအတွက် ယခင် Global Fund နေရာတွင် ၎င်းတို့မှ ကူညီထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း၊ ဆက်လက်၍ ယခုရက်ပိုင်းအတွင်း ဗြိတိန်သံအမတ်ကြီးသည် မင်းကိုနိုင်၊ ဌေးကြွယ်တို့နှင့်လည်း ထိုကိစ္စနှင့်ပတ်သက်ပြီး တွေ့ဆုံရန်ရှိကြောင်း သတင်းဆက်များ ရရှိသည်။

ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိ

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးဝန်ကြီးဌာနသည် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေများစွာ အကုန်အကျခံသုံးစွဲကာ ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ တိုးမြှင့်ခန့်ထားခြင်း၊ ဆေးဝါးပစ္စည်း ကိရိယာများ ဖြည့်တင်းတပ်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ကုသရေး အစီအမံများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ တစ်နိုင်ငံလုံးလွှမ်းခြုံအောင် ဆောင်ရွက်ခြင်း စသည်ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားလာအောင် ကြိုးပမ်းဖော်ဆောင်ပေးလျက် ရှိသည်။

ဗြိတိန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပြည်သူများအပေါ် အမှန်တကယ် စေတနာထားရှိပြီး ဖော်ပြပါရောဂါများ ကာကွယ်ကုသရေးတွင် ပါဝင်ဆောင်ရွက်လိုပါက ကျန်းမာရေး ဝန်ကြီးဌာနနှင့်သာ ညှိနှိုင်းဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သင့်ကြောင်း၊ သို့ရာတွင် ယခုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထုအား ကိုယ်စားမပြုသည့် တရားမဝင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပွဲစားလုပ်နေသူများနှင့် လက်သိပ်ထိုး တွေ့ဆုံဆွေးနွေးနေခြင်းသည် နည်းမှန်လမ်းမှန် မဟုတ်သလို စေတနာမှန်ကန်မှုလည်း မရှိနိုင်ကြောင်း။

အတိတ်သမိုင်းကြောင်းအရလည်း အနောက်နိုင်ငံကြီးအချို့မှ သံတမန်များသည် သံတမန်ကျင့်ဝတ်ကို ချိုးဖောက်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား အကြောင်းအမျိုးမျိုးပြ၍ ဝင်ရောက်စွက်ဖက်မှုများရှိခဲ့ကြောင်း၊ ယင်းသို့ မြန်မာ့ပြည်တွင်းရေးတွင် ခြေရှုပ်နှောင့်ယှက်မှုများကြောင့် တိုင်းပြည်မတည်မငြိမ်ဖြစ်ကာ ဆူပူအကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့ဖူးကြောင်း၊ ယခုလည်း ထိုနည်းတူ ရည်ရွယ်လုပ်ဆောင်လာခြင်းဖြစ်နိုင်ကြောင်း ပြည်သူများအတွင်း သုံးသပ်ပြောဆိုမှုများရှိနေသည်ဟု သတင်းရရှိသည်။ (သတင်းစဉ်)

NCUB သည် နိုင်ငံတကာမှ ငွေကြေးထောက်ပံ့မှုများ ဆက်လက်ရရှိအောင် လုပ်ဆောင်လျက်ရှိ ၎င်းငွေကြေးများဖြင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ လုပ်ဆောင်သွားမည်ဟု သိရ

နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံတော်ကို လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ဖြင့် ဆန့်ကျင်တိုက်ခိုက်နေသော မြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB)၏ (၈)ကြိမ်မြောက် ညီလာခံကို ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်အထိ တစ်ဖက်နိုင်ငံ မဲဆောက်မြို့ မြောက်ဘက်ရှိ အပန်းဖြေစခန်းတစ်ခုတွင် ကျင်းပခဲ့ကြောင်း၊ ထိုအစည်းအဝေးမှ သဘာပတိအဖွဲ့ဝင်ရှစ်ဦးနှင့် အတွင်းရေးမှူး အဖွဲ့ဝင် ၁၁ ဦးတို့ကို အသစ်ရွေးချယ်တင်မြှောက်ခဲ့ကြောင်း၊ ၎င်းတို့သည် ပြည်တွင်းမတည်မငြိမ်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ တိုးမြှင့်လုပ်ဆောင်လာနိုင်ကြောင်း သတင်းများရရှိသဖြင့် ဩဂုတ် ၂၃ ရက် သတင်းစာများတွင် သတင်းများဖော်ပြပြန်ကြားပေးခဲ့ပြီး ဖြစ်သည်။

အဆိုပါ NCUB အစည်းအဝေးသို့ ပြည်ပ၌ရောက်ရှိနေသော ပြည်ပြေးအဖွဲ့ဝင်များလည်း တက်ရောက်ခဲ့ရာ ဂျာမနီမှ နွယ်အောင်၊ အင်္ဂလန်မှ ဒေါက်တာဝင်းနိုင်၊ ပိုလန်မှ သန်းထွန်း၊ ဂျပန်မှ ဒေါက်တာမင်းညို၊ အိန္ဒိယမှ ဒေါက်တာဇော်ဝင်းအောင်နှင့် ဒေါက်တာတင့်ဆွေတို့လည်း ပါဝင်ကြောင်း။

ဆွေးနွေးဆုံးဖြတ်

၎င်းပြည်ပြေးများသည် ၎င်းတို့ ရောက်ရှိနေသည့် နိုင်ငံများရှိ NGO အဖွဲ့အစည်းများနှင့် နိုင်ငံတကာမှ ငွေကြေးထောက်ပံ့မှုများ ဆက်လက်ရရှိအောင် လုပ်ဆောင်၍ မြန်မာနိုင်ငံတွင် ဆူပူအုံကြွမှုများ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိသည့် NCUB အား ယခင်အတိုင်း ထောက်ပံ့ကူညီသွားမည်ဟု အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

အဓိကကြိုးကိုင်

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှု ဖြစ်စဉ်များအရ NCUB ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်သည့် NCGUB စိန်ဝင်း၊ FTUB မောင်မောင်နှင့် အပေါင်းပါများသည် ၂၀၀၅ခုနှစ် မေ ၇ ရက်က ရန်ကုန်မြို့ လူစည်ကားရာ နေရာသုံးနေရာ၌ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရာတွင် အဓိက ကြိုးကိုင်စီစဉ်ပြီး ငွေကြေးနှင့်ပစ္စည်းများ ထောက်ပံ့ခဲ့ကြောင်း၊ ထို့အပြင် ၎င်းတို့သည် မြန်မာနိုင်ငံတစ်ဝန်းတွင် အကြမ်းဖက် အဖျက်လုပ်ရပ်များ အကြိမ်ကြိမ် လုပ်ဆောင်ရန် ဖောက်ခွဲဖျက်ဆီးရေးသမားများအား နောက်ကွယ်မှ ကြိုးကိုင်ပြီး ငွေကြေးနှင့်ပစ္စည်းများ အစဉ်တစိုက် ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုနည်းတူ NCUB သည် မြန်မာနိုင်ငံအတွင်း ဆူပူအုံကြွမှုများ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များကို ပြည်ပမှ ထောက်ပံ့ငွေများ ရယူအသုံးချကာ ဆက်လက်လုပ်ဆောင်သွားနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့နယ် ခြေမြစ်ပင် ကျေးရွာရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မျိုးပွားကြက်မွေးမြူရေးခြံသို့ရောက်ရှိ၍ အထွေထွေ မန်နေဂျာ ဒေါက်တာသန်းရွှေ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး မျိုးပွားကြက်မွေးမြူရေး ခြံအတွင်း အနုဇီဝလုံခြုံရေး(Bio-Security)ကို အထူးဂရုပြု ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် လားရှိုးမြို့ နားဖကျေးရွာရှိ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့်ဝက်မွေးမြူရေးခြံသို့ ရောက်ရှိ၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးနှင့် ခြံမန်နေဂျာ ဒေါက်တာဆွေလွင်တို့၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့ကလိုအပ်သည်များကိုညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ပေးပြီး ဝက်သား ခွဲဆောင်၊ဝက်သားဖွားရုံနှင့် မျိုးဝက်မွေးမြူရေးရုံတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ဗလမင်းထင်ကုမ္ပဏီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း (ဗဟို) နှင့် လူငယ်အားမာန် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း စိန်ဝတ်မှုံ ကုမ္ပဏီလီမိတက်၊ နားလျံဒေသ ရော်ဘာစိုက်ပျိုးမည့် ဧက ၄၀၀၀ စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိ၍ စီမံကိန်းမန်နေဂျာ ဦးမျိုးရင် ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူး၊ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်စွက် ဆွေးနွေးပြီး နာနတ်စိုက်ခင်း၊ မြေပေါင်ဖြင့် စိုက်ပျိုးထားသော ရော်ဘာစိုက်ခင်းနှင့် ပြောင်းစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ လားရှိုးမြို့ရှိ နားဖကျေးရွာ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းအဆင့်မြင့် ဝက်မွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပေါင်းစပ်ဆောင်ရွက်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ကုန်းမြင့်ယာမြေ ဧက ၅၀၀၀ ဖော်ထုတ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိ၍ စီမံကိန်း မန်နေဂျာ ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တိုင်းမှူးနှင့် ဝန်ကြီးတို့က ဆွေးနွေးမှာကြားပြီး ပြောင်း၊ နာနတ် စိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန မွေးမြူရေးအစားအစာ နှင့် နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် ဗလမင်းထင်ကုမ္ပဏီသို့ အကျိုးတူပူးပေါင်း ဆောင်ရွက်မည့် တည်ဆောက်ဆဲ ဝက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကိုပေါင်းစပ်ဆောင်ရွက် ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ ဆင်းရွှေလီနေကြာ စိုက်ခင်း၊ ပျားအိမ်များ ဖွဲ့စည်းတည် ဆောက်ထားပုံနှင့် ခြံစည်းရိုး ကြက်ဆူပျိုးပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းရှိ ကြက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ငါးမျိုးစိုက်ထည့်

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ဟူးမွှန်ဆည် အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပရာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များက ငါးမြစ်ချင်းသားပေါက် ကောင်ရေတစ်သိန်းခန့်ကို ဟူးမွှန်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်ဦးလွင်မြို့၌ အောင်မြင်ဖြစ်ထွန်းနေသော ကော်ဖီခြံအများအပြားရှိနေ ခြံတည်ထောင် ရင်းနှီးမြှုပ်နှံလိုသူများအား မြေယာလုပ်ပိုင်ခွင့်များချထား ဝင်ငွေရရှိမှုသေချာသော စိုက်ပျိုးရေးလုပ်ငန်းဖြစ်၍ အားပေးကူညီ

နေပြည်တော် ဩဂုတ် ၂၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၈ ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ဒိုးကွင်ရှိ ဦးကျော်စိန်၏ ၄ရွှေလီကုမ္ပဏီပိုင် ကော်ဖီစိုက်ခင်း ၂၂၅ ဧက သီးပွင့်ဖြစ်ထွန်းမှုနှင့် စိုက်ခင်းအသစ်ဧက ၈၀ ထပ်မံစိုက်ပျိုးထိန်းသိမ်းပြုစု နေမှုကို ကြည့်ရှုအားပေးရာ လုပ်ငန်းရှင်ဦးကျော်စိန်က ၁၉၉၇ ခုနှစ်တွင် ကော်ဖီ ၂၂၅ ဧကစိုက်ပျိုးခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် ကုန်ကျစရိတ်ငွေများ ပြန်လည် ရရှိပြီး ယခုအခါ အမြတ်ဝင်ငွေ နှစ်စဉ်ရရှိနေကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက အားပေး စကားပြောကြားပြီး လိုအပ်ချက်များကို ပံ့ပိုးကူညီပေးသည်။

အမြတ်ရနေ

ဆက်လက်၍ ဝန်ကြီးသည် ပွေးတောင်ရွာရှိ ရွှေပုဇွန်ကော်ဖီခြံကို ကြည့်ရှု အားပေးရာ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်မှ ဦးဝင်းအောင်က ၂၀၀၀ ပြည့်နှစ်မှစ၍ ကော်ဖီ ဧက ၁၀၀ စတင်စိုက်ပျိုးခဲ့ပြီး ၂၀၀၃–၂၀၀၄ ခုနှစ်မှစ၍ အသီးဆွတ်ခူးခဲ့ကြောင်း၊ ယခုအခါ ရင်းနှီးမြှုပ်နှံမှု အားလုံး ပြန်လည်ရရှိပြီး အမြတ်ရနေကြောင်း၊ ကော်ဖီဧက ၅၀ တွင် ကော်ဖီစေ့တန် ၆၀ ရရှိကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးသည် ခြံအတွင်း ဖြစ်ထွန်းအောင်မြင်နေသော ကော်ဖီပင်များနှင့် ကော်ဖီခြံမှ ထွက်ရှိသည့် ကော်ဖီစေ့နမူနာများ၊ ခြံအတွင်းမှ ထုတ်လုပ်ရောင်းချသည့် ကော်ဖီမှုန့်ထုပ်များကို လည်းကောင်း၊ အသီးသီးနေသော ဧက ၁၀၀ ကော်ဖီစိုက်ခင်းကို လည်းကောင်း လှည့်လည်ကြည့်ရှု အားပေးပြီး ဝန်ကြီးက ပြင်ဦးလွင်မြို့နယ်၌ ကော်ဖီတိုးချဲ့စိုက်ပျိုးလျက်ရှိရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းနေသော ကော်ဖီခြံများ အများအပြား ရှိလာနေပြီဖြစ်ကြောင်း၊ ထပ်မံ၍ ခြံတည်ထောင်လိုသူများ၊ ရင်းနှီးမြှုပ်နှံလိုသူများအား မြေယာလုပ်ကိုင်ခွင့်များ ချထား၍ လိုအပ်ချက်များ ပံ့ပိုးကူညီနေကြောင်း၊ ဝင်ငွေရရှိမှုသေချာသော စိုက်ပျိုးရေးလုပ်ငန်းဖြစ်၍ စိုက်ပျိုးလိုသူများအား ဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များ ပံ့ပိုးကူညီအားပေး ဆောင်ရွက်နေကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဒိုးကွင်ကော်ဖီခြံနှင့် ပွေးတောင်ကော်ဖီခြံတို့ကို ကြည့်ရှုသည်။

ယင်းနောက် ဝန်ကြီးသည် ပွေးတောင်ကော်ဖီခြံ၌ ပြည်နယ်နှင့်တိုင်းဒေသအသီးသီးမှ ထွက်ရှိသော ကော်ဖီစေ့များ၊ ကော်ဖီမှုန့်များကို အရသာနှင့် အရည်အသွေးစစ်ဆေးစမ်းသပ်သည့် လုပ်ငန်းကို ကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးသည် ဖြစ်ထွန်းနေသော အာလုံးလက်ဖက်မျိုး စိုက်ခင်းကိုလည်းကောင်း၊ ယူကလစ်ဆီမွေးပျိုးပင်များ ပျိုးထောင်ထားမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုသည်။

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးသည် တီကောင်များမွေးမြူ၍ သဘာဝမြေသြဇာအဖြစ် ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မွေးမြူကန်များ၌ ရှင်သန်ပွားများနေသော တီကောင်အမျိုးအစားများ၊ ကျွေးရသည့် အစာအပင်၊ အရွက်များနှင့်ရရှိသော မြေဆွေးများကို ရှင်းလင်းပြသကြသည်။

တီကောင်မွေးမြူရာမှ သြဂဲနစ်မြေသြဇာအဖြစ် အိန္ဒိယမျိုး၊ ဥရောပမျိုးနှင့် မြန်မာမျိုးနှစ်မျိုး တီကောင် အမျိုးအစားလေးမျိုးကို မွေးမြူကန်များဖြင့် တောင်သူများကိုယ်တိုင် မွေးမြူအသုံးပြုနိုင်ရန် ဝန်ကြီးဌာနက နည်းပညာနှင့် တီကောင်မျိုးများဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရသည်။ တီကောင်မွေးရာတွင် အကောင် ၁၀၀၀ ဖြင့် စတင်မွေးမြူပြီး လိုအပ်သောအစာ၊ အမှိုက်၊စွန့်ပစ်ပစ္စည်း၊အပင်၊အရွက်များ ကျွေး၍ တစ်နှစ် ကြာပါက တီကောင်တစ်သန်းရရှိကာတစ်လလျှင်တီကောင်စွန့်ပစ် သြဂဲနစ်သဘာဝမြေသြဇာတစ်တန်နှင့် ရွက်ဖျန်းမြေသြဇာ အရည်အဖြစ် သုံးနိုင်သော စွန့်ပစ်ရည် ၁၂ ဂါလန်ရရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ဝန်ကြီးက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် ဓာတ်အားဖြန့်ဖြူးရေး အပိုင်းတွင် တာဝန်ယူဆောင်ရွက်နေသကဲ့သို့ ဝင်ငွေတိုးတက်ရရှိရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများကို မှန်မှန်ကန်ကန်လုပ်ကိုင်ပြီး ဝင်ငွေ တိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်စေလိုကြောင်းပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

လိုက်လံရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပြည်မြို့ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံ၏ Switch Yard အတွင်း ကြည့်ရှုစစ်ဆေးရာ ဓာတ်အားခွဲရုံမှူး လက်ထောက်အင်ဂျင်နီယာ ဦးသိန်းမြင့်နှင့် တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားလက်ခံရရှိမှု၊ ဖြန့်ဖြူးမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဓာတ်အားခွဲရုံအတွင်း ရောက်ရှိရာ ဓာတ်အားခွဲရုံမှူး ဦးသိန်းမြင့်က ပြည်သူများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရေးအတွက် အလေးထားဆောင်ရွက်စေလိုကြောင်းမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့အနီး ပုသိမ်–မုံရွာကားလမ်းဘေးရှိ ဓာတ်အားခွဲရုံ တည်ဆောက်ရန် လျာထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ရန်ကုန်–ပြည် ကားလမ်း၏ အရှေ့ဘက် တစ်မိုင်အကွာတွင် တည်ရှိသော ပြည်ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ(ရွှေတောင်) သို့ ရောက်ရှိပြီး စက်ရုံခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိဝန်ကြီးဌာန အောက်တွင် ပါရှိသော သဘာဝဓာတ်ငွေ့သုံးစက်ရုံများ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ၊ စက်ရုံများ၏ ဓာတ်ငွေ့ရရှိမှုများကိုလည်းကောင်း၊ ဓာတ်ငွေ့သုံးစက်ရုံများအနေဖြင့် စက်များကို ကြံ့ခိုင်မှုရှိစေရေးကိုလည်းကောင်း၊ ပြုပြင်ထိန်းသိမ်းမှုအပိုင်းကိုလည်းကောင်း အလေးထား ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံ၏ Switch Yard အတွင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ) သို့ ဓာတ်အားအပြည့်အဝ ရရှိရေးအတွက် အလေးထားဆောင်ရွက်သွားရန်၊ လက်ရှိ မဟာဓာတ်အားလိုင်း ကွန်ရက်စနစ်ဖြင့် ပူးပေါင်း၍ ဓာတ်အားပို့လွှတ်ခြင်း၊ လက်ခံခြင်းနှင့် ထပ်မံတည်ဆောက်ဖြစ်ထွန်းလာမည့် မဟာဓာတ်အားလိုင်းများနှင့် ယှဉ်တွဲ၍ ဓာတ်အားလက်ခံပို့လွှတ်နိုင်ရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ရွှေတောင်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ရွှေတောင် ကွန်ကရစ်ကျောက်တိုင် ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး ဝန်ကြီးက ကျောက်တိုင်ထုတ်လုပ်မှု လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ကျောက်တိုင်ထုတ်လုပ်မှု စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ပေါင်းတည်မြို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး မြို့နယ်ရုံးခန်းမ၌ ဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံရာတွင် မိမိဝန်ကြီးဌာနဝင်ငွေ တိုးတက်ရေးအတွက် ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာ လုပ်ကိုင် ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ဝန်ထမ်းများသည် ၂၄နာရီအချိန်ပြည့် တာဝန်ထမ်းဆောင်နေသဖြင့် ပြည်သူကို တာဝန်ကျေပွန်သောဝန်ထမ်းများ ဖြစ်စေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် နတ်တလင်းမြို့နယ် လျှပ်စစ်ရုံးသို့ရောက်ရှိပြီး မြို့နယ်လျှပ်စစ်ရုံး၌ ဝန်ကြီးက ဝင်ငွေတိုးတက်ရရှိရေးကို ဝန်ထမ်းအားလုံး ဝိုင်းဝန်းဆောင်ရွက်စေ လိုကြောင်း ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကြို့ပင်ကောက်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိပြီး ပြည်သူများ လာရောက်ငွေသွင်းသည့် ငွေသွင်းကောင်တာကို ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ် ဓာတ်အားခကောက်ခံရာတွင် တိကျမှန်ကန် မြန်ဆန်စွာ ဆောင်ရွက်စေလိုကြောင်း ပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

သာယာဝတီ

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် သာယာဝတီခရိုင်ရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လျှပ်စစ်ကဏ္ဍသည် အရေးကြီးသော အခန်းမှ ပါဝင်နေသဖြင့် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများကို မှန်မှန်ကန်ကန် တိတိကျကျ လုပ်ကိုင် ဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဥက္ကံမြို့ လျှပ်စစ်ရုံးသို့ ရောက်ရှိပြီး ဝန်ကြီးက ဝင်ငွေတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်ရာတွင် တရားမဝင် ခိုးယူသုံးစွဲမှုများကို ပပျောက်အောင် ဆောင်ရွက်စေလိုကြောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ ဒေသဖွံ့ဖြိုးရေးအတွက်လည်း ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားကြောင်းပြောကြားပြီး လိုအပ်သည် များကို ဖြည့်ဆည်းပေးသည်။

တိုက်ကြီး

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တိုက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိပြီး မြို့နယ်ရုံးခန်းမ၌ ဝန်ကြီးက ဝန်ထမ်းများနှင့် အဖျောက်မြို့ မီးလင်းရေးကော်မတီဝင်များအား အမှာစကားပြောကြားရာတွင် အဖျောက်မြို့အား လျှပ်စစ်ဓာတ်အားရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် ပြည်နယ်၊တိုင်းများအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး အပိုင်းတွင် တာဝန်ခွဲဝေ ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ပြည်သူများပါဝင်သော လျှပ်စစ်စွမ်းအား မြှင့်တင်ရေးကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ ပူးပေါင်းပါဝင် ဆောင်ရွက်မှုအတွက် ဝမ်းသာကျေနပ်ကြောင်း၊ အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်ရှိနေသဖြင့် ပြည်သူနှင့် လက်တွဲပြီး လျှပ်စစ်ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးယ်ကုန်း အထကအာစရိယ ပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၂၄

ပဲခူးယ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးယ်ကုန်းမြို့ရှိ မြို့မသာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဒုတိယဗိုလ်မှူးကြီး ချစ်ဆွေ(တပ်မှူး၊ မြဝတီရပ်မြင်သံကြား၊ မှော်ဘီမြို့)၊ ဗိုလ်ကြီးမြင့်ထွေး (ပြန်ကြားရေး) ဖုန်း–၀၉–၅၀–၂၂၅၀၈၊ ဒေါ်ခင်စန်းရီ ဖုန်း–၂၂၃၉၀၄၊ မင်္ဂလာဈေး၊ ဦးသန်းထွန်း(ဂမုန်းပွင့်) ဖုန်း–၂၀၃၀၇၂၊ ဦးဌေးဝင်း ဖုန်း–၀၉–၅၁–၁၈၁၉၄၊ ဦးရဲထွန်းနိုင် ဖုန်း–၀၉–၅၀–၂၀၁၀၄၊ ဒေါက်တာ သိန်းထွန်း ဖုန်း–၀၅၂– ၂၄၄၂၆(လိုင်းခွဲ–၃၅)နှင့် ဦးမိုးကျော်စွာ (ဇော်တိက) (လိုင်းခွဲ–၁၅၆)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဩဂုတ် ၂၀ ရက်က ဇဟာန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဖြူဖြူက ငါးထပ်ကြီးတောင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲမှ အသင်းသူတစ်ဦးအား ကျန်းမာရေးအတွက် ထောက်ပံ့ကြေး ပေးအပ်စဉ်။ (မြို့နယ်မိခင်နှင့်ကလေး)

တစ်ကြိမ်စိုက်ရုံဖြင့် နှစ်ရှည်ဝင်ငွေလိုက်မည့်အပင်

မကွေးတိုင်း ထီးလင်းမြို့နယ် မျက်မြောင်ကျေးရွာအုပ်စု ကျောချောင်းရွာ တောင်သူဦးဘထော်၏ သက်တမ်း ၂၆နှစ်ခန့်ရှိ ခြံစည်းရိုးကြက်ဆူပင်ကြီးကို ဤသို့တွေ့ရသည်။

ကွင်းဆင်းလေ့လာရေးသားသူ – ကိုရဲ (စိုက်ပျိုးရေး)

ကိုင်းတွေလာခုတ်ကြသဖြင့် အပေါ်ပိုင်းမှာ ကျိုးတိုးကျဲတဲဖြစ်နေသည်။ ဂျာနယ်တစ်စောင်တွင်လည်း ပုံတောင်ပုံညာ၊ ကျောရွာဘူတာအနီးတွင် တောင်သူဦးဘထော်၏ သက်တမ်း၂၆နှစ်ရှိသည့် ကြက်ဆူပင်ကြီး အကြောင်း ဆောင်းပါးတစ်ပုဒ်ဖတ်လိုက်ရသည်။ ယခု ၂၆နှစ်ရှိအပင်ကြီးကို မလှိုင်မြို့နယ်ထဲတွင် ကိုယ်တိုင်တွေ့မြင်ခဲ့ရပြီ။ ဒီလို အပင်တွေ ရွာနီးချုပ်စပ်မှာလည်း တစ်ပင်စ၊ နှစ်ပင်စရှိတယ်ဟု ဦးထွေးကပြောပြသည်။ ခြံစည်းရိုးကြက်ဆူပင်သည် နှစ်ရှည်လများ သက်တမ်းရှိပြီး အကျိုးပြုနိုင်သည့် နှစ်ရှည်အပင်ဟု လက်တွေ့သိခဲ့ရပါပြီ၊ အသီးတွေလည်း သီးနေဆဲဖြစ်သည်။

မကြာသေးမီကပင် မကွေးမြို့မှ မိတ်ဆွေတစ်ဦးက ဖုန်းဆက်လာသည်။ ဂန့်ဂေါမြို့မှ ခြောက်မိုင်အကွာ လယ်မကျော်ရွာအရှေ့ဘက် ငါးမိုင်ရှိ ဆင်စခန်းတွင် လုံးပတ်သုံးပေရှိပြီး အမြင့်ပေ၂၀ရှိသည့် ခြံစည်းရိုးကြက်ဆူပင်၃၀ရှိကြောင်း၊ ဂန့်ဂေါမြို့မှ နှစ်မိုင်အကွာ ပြည့်ဝရွာတွင်လည်း လုံးပတ်သုံးပေခန့်၊ အမြင့်၁၅ပေရှိသော ခြံစည်းရိုးကြက်ဆူပင်၃၀ရှိကြောင်း၊ ပေါက်မြို့နယ် ရေပြာတံတားအနီး သာကြီးပင်ရွာတွင်လည်း ခြံစည်းရိုးကြက်ဆူပင်ကြီးများရှိကြောင်း ပြောပြပါသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့မှ ဦးကျော်မြင့်ကလည်း တောင်ကြီးမြို့နယ် လူရိုးတောင်ကျေးရွာ တောထဲတွင် လုံးပတ်သုံးပေ၊ လေးပေရှိသည့် ကြက်ဆူပင်ကြီးများရှိကြောင်း ဓာတ်ပုံနှင့်တကွ ပေးပို့လာပါသည်။

ခြံစည်းရိုးကြက်ဆူပင်သည် နှစ်၅၀အထိ ရှင်သန်အသီးသီး ဆွတ်ခူးနိုင်ကြောင်း၊ နှစ်၃၀အထိ သီးအားကောင်းကြောင်း လေ့လာမှုအရ သိရှိရသည်။

ယနေ့ကမ္ဘာတွင် ရေနံဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။ ထို့အတွက် ကမ္ဘာတစ်ဝန်း အစားထိုးလောင်စာဆီ ရရှိသုံးစွဲရေးအတွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိကြပါသည်။ အာရှနိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံအပါအဝင် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူစသည့်နိုင်ငံများတွင် ဇီဝဒီဇယ်နှင့် အီသနော ကဲ့သို့ သမားရိုးကျမဟုတ်သော လောင်စာဆီများရှာဖွေဖော်ထုတ်လျက်ရှိပြီး ဇီဝဒီဇယ်ဆီစက်ရုံများလည်း တည်ဆောက်လျက်ရှိကြောင်း သိရပါသည်။

သက်တမ်းရှည်ပြီး ဝင်ငွေကောင်းမည့် ခြံစည်းရိုးကြက်ဆူပင်ကို သမားရိုးကျ မစိုက်ပျိုးဘဲ စိုက်ခင်းကြီးများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ် စိုက်ပျိုးသွားကြမည်ဆိုပါက နိုင်ငံတော်အတွက်လည်းကောင်း၊ စိုက်ပျိုးသူ တောင်သူများအတွက်လည်းကောင်း ရေရှည်အကျိုးစီးပွားဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မန္တလေးတိုင်း မလှိုင်မြို့နယ် လယ်ကြီးကျေးရွာ တောင်သူ ဦးအောင်ကျော်မိုး၏ ဆီးခြံမှ သက်တမ်း ခုနစ်နှစ်ရှိ ခြံစည်းရိုးကြက်ဆူပင်ကို ဤသို့တွေ့ရသည်။

မိတ္ထီလာမှ မလှိုင်မြို့သို့ မော်တော်ကားဖြင့် အသွားတွင် မလှိုင်မြို့မရောက်မီ ခရိုင်ချင်းဆက်လမ်းကိုတွေ့ရသည်။ ထို့ကြောင့် ဒေသခံတစ်ဦးအား လမ်းအခြေအနေကောင်း၊ မကောင်းမေးကြည့်ရာ လမ်းကောင်းကြောင်း၊ ဤလမ်းကနေ မန္တလေးသို့ သွားနေကြကြောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အနီးတွင် လမ်းမကြီးနှင့်ဆုံကြောင်း ပြောပါသည်။

ထို့ကြောင့် လမ်းအတွင်းပိုင်း အနည်းငယ်ဝင်ကြည့်ရာ မလှိုင်မြို့နယ် လယ်ကြီးကျေးရွာအဝင်၌ ခြံခတ်ထားသည့် လူတစ်ရပ်ခန့်ရှိသော ခြံစည်းရိုးကြက်ဆူပင်များ ကြီးထွားသီးပွင့်နေသည်ကိုတွေ့ရ၍ ဝင်ရောက်လေ့လာကြသည်။ စိုက်ခင်းပိုင်ရှင် ကိုအောင်ကျော်မိုးသည် လူငယ်တစ်ဦးဖြစ်သည်။ "အရင်ကတော့ ကျွန်တော့ ဆီးခြံကို လုံခြုံအောင် ကာရံထားဖို့အတွက် ၂၀၀၁ခုနှစ်က စိုက်ခဲ့တာပါ။ အသီးလဲသီးတယ်၊ ဒါပေမယ့် အသီးရော အစေ့ရော ဘယ်လိုအသုံးဝင်တယ်ဆိုတာ မသိတော့ ဘယ်သူမှ မခူးဘူး၊ ဒီအတိုင်းမြေပေါ်ကြွေကျနေတာပဲ၊ ပြီးခဲ့တဲ့နှစ်ကစပြီး အစေ့လည်း ရောင်းရ၊ ကိုင်းလည်းရောင်းရနဲ့ ဝင်ငွေတစ်သိန်းကျော်ရခဲ့တယ်ဗျ၊ ယခုတော့ ခြံစည်းရိုးကြက်ဆူပင်တန်းကို ဆီးဆူးခက်တွေနဲ့ လုံခြုံအောင် ထပ်ပြီးကာနေရပြီ၊ တစ်ပြည်ကို သုံးထောင်ကျပ်ကနေ စရောင်းရတာ၊ အခု ဒီနှစ်ထဲမှာ တစ်ပြည်ကို ငါးထောင်ကျော်ရပြီ၊ ခြံစည်းရိုးပတ်ပတ်လည် စိုက်ထားတဲ့ အပင် ၃၅၀၀က ဝင်ငွေကျပ် ၁၆၀၀၀ ရပြီးပြီ၊ တစ်နှစ် နှစ်ကြိမ်သီးတော့ ကျွန်တော့်စီးပွားရေးအတွက် အဓိကဖြစ်နေပြီ၊ ဒါကြောင့် အခု ကျွန်တော်စိုက်ခင်းအဖြစ် ငါးဧကစိုက်မယ်၊ ဟိုမှာ ပျိုးပင်တွေ အဆင်သင့်ပဲ"ဟု ပြပါသည်။ ကျွန်တော့်အပင်က ငါးနှစ်သားပဲရှိသေးတာ၊ ရွာထိပ်က ဦးထွေးရဲ့အပင်တွေဆိုရင် ၂၆နှစ်တောင်ရှိပြီဟု ပြောပြသဖြင့် ကျွန်တော်စိတ်ဝင်စားသွားမိသည်။

ကိုအောင်ကျော်မိုး၏ ခြံတွင်ရှိသောအပင်များမှာ ကိုးလက်မစီခြား၍ သံတူးရှင်းနှင့် အစိုစိုက်ထားပြီး ယခုဆိုလျှင် အပင်အမြင့်မှာ ခုနစ်ပေခန့်ရှိနေပါပြီ၊ အသီးတွေလည်းအစိမ်း၊ အဝါသီးနေဆဲ တွေ့ရပါသည်။ နွေသီးတစ်ကြိမ် (မေလ)နှင့် ဆောင်းသီးတစ်ကြိမ် (နိုဝင်ဘာလ) နှစ်ကြိမ်သီးသည်။ တစ်ပင်ကို အစေ့တစ်ပြည်ရ၏။ အသီးတစ်သီးမှာ အစေ့ သုံးစေ့ပါရှိပြီး တစ်ခါတစ်ရံ အသီး၁၀၀ခန့်တွင် တစ်သီးခန့်၌သာ အစေ့လေးစေ့ ပါတတ်ကြောင်း ကိုအောင်ကျော်မိုးက စေ့စေ့စပ်စပ် မှတ်တမ်းမှတ်ရာနှင့် ရှင်းလင်းပြောပြပါသည်။ ယခုဆိုလျှင် ဆီးခြံဝင်ငွေ၊ ကြက်ဆူစေ့ဝင်ငွေ၊ နို့စားနွား၁၂ကောင် ဝင်ငွေ၊ နှမ်း၊ ပဲနောက်၊ ပဲစင်းငုံ ၂၂ဧကဝင်ငွေဖြင့် မိသားစုကိုးယောက် လုံလောက်စွာ စားသောက်နေထိုင်နိုင်ကြပါသည်။

သူ၏ခြံကို လေ့လာပြီးနောက် သက်တမ်း၂၆နှစ်ရှိသည့် ဦးထွေး၏ ကြက်ဆူပင်ကြီးကို ကျွန်တော်တို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

လုံးပတ်သုံးပေရှိပြီး လူတစ်ရပ်အမြင့်တွင် အပေါ်ကိုင်းများမရှိတော့သည့် ခြံစည်းရိုးကြက်ဆူပင်ကြီးတစ်ပင်ကို တွေ့ရသည်။ ၂၆နှစ်ရှိပြီ၊

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကျေးဇူးရှင်မိဘနှစ်ပါး ဦးထွေး–ဒေါ်ချစ်တို့အားရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းမကြီးနေ ဦးစန်းမောင်–ဒေါ်တင်လှ၊ သား ဦးမင်းဇာနည်မောင်–ဒေါ်ယမင်းသူ၊ သမီး မခိုင်ဇာခြည်မောင်၊ မြေး မင်းဘုန်းထက်မောင်၊ မင်းဘုန်းမြတ်မောင် မိသားစုက အလှူတော်ငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ဦးစံအေး (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်း)အား ရည်စူး၍ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် FMIနေ ဇနီး ဒေါ်လှလှမြင့်၊ သမီး သင်ဇာနိုင်မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို လှူဒါန်းသည့်အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)နှင့် အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) က အလှူရှင်ထံသို့ သာဓုအနုမောဒနာ ဂုဏ်ပြုလွှာကို ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

ကျောက်ကြီး ရှင်ဥပဂုတ္တရဟန္တာ မီးမျှောပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

နှစ်တစ်ရာကျော်တိုင် ဒေသပွဲတော်အဖြစ် ကျင်းပမြဲဖြစ်သော ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် (၁၁၈) ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာမီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို တော်သလင်းလဆန်း၈ရက်မှ လပြည့်နေ့အထိရှေးရိုးစဉ်လာမပျက် ကျင်းပရေး၊ ဘာသာရေး အနှစ်သာရပြည့်ဝစွာ အကောင်အထည်ဖော်ရေးနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းရေးတို့အတွက် ပွဲတော်ကျင်းပရေးဦးစီးကော်မတီဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ကျင်းပမည်

ကျောက်ကြီး၊ နတ်သံကွင်းနှင့် မုံးနယ်မြေသုံးခုမှ ဒေသခံတိုင်းရင်းသားများပါဝင်သော အမျိုးသား၊ အမျိုးသမီးလှေလှော်ပြိုင်ပွဲ၊ လှေတက်ရေးပြ အကအလှပြိုင်ပွဲ၊ ရေပြင်ချောတိုင်တက်ပြိုင်ပွဲ၊ အမျိုးသားရေကူးပြိုင်ပွဲနှင့် ဒေသအလိုက် ဘောလုံးပြိုင်ပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ရှင်ဥပဂုတ္တ ရဟန္တာအား ကျောက်ကြီးချောင်း ရေပေါ်စံကျောင်းတွင် တော်သလင်းလဆန်း ၁၁ ရက်မှ လပြည့်ညအထိ ညစဉ် ဆီမီးကြာခွက် ၁၀၀၀၀ ဖြင့် မီးမျှောပူဇော်လျက် မြန်မာ့ဆိုင်းဝိုင်းနှင့် စင်တင်တေးဂီတတို့ဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ပူဇော်နိုင်

ပွဲတော်တွင် အပူဇော်ခံမည့် ဗုဒ္ဓရုပ်ပွားတော်၊ ရှင်သီဝလိရဟန္တာမထေရ်နှင့် ရှင်ဥပဂုတ္တရဟန္တာရုပ်ပွားတော်များသည် ရန်ကုန်တိုင်း အတွင်း ဩဂုတ် ၇ရက်မှ စတင်အပူဇော်ခံလျက်ရှိပြီး ဩဂုတ် ၂၈ရက်တွင် ရန်ကုန်မြို့မှ ကျောက်ကြီးမြို့သို့ ပင့်ဆောင်သွားမည်ဖြစ်ရာ ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ပဲနွယ်ကုန်းနှင့် နတ်သံကွင်းမြို့များမှ စောင့်မျှော်ပူဇော်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကြီးမှူး လှိုင်မြို့နယ်ရှိကျောင်းများ ခြင်၊ အမှိုက်၊ ဆေးလိပ်ကင်းစင်ကျောင်းများအဖြစ် သတ်မှတ်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် လှိုင်မြို့နယ်အတွင်းရှိ ကျောင်းများအား ကျန်းမာသောပတ်ဝန်းကျင်နှင့် ခြင်၊ အမှိုက်၊ ဆေးလိပ်ကင်းစင်သော ကျောင်းများအဖြစ် သတ်မှတ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၆ နာရီခွဲက ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းက ဆေးလိပ်ကင်းစင်ကျောင်း၊ ခြင်ကင်းစင်ကျောင်းနှင့် အမှိုက်ကင်းစင်ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လိုက်လံကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့က ကျောင်းရှေ့၌ အမှတ်တရသစ်ပင်များစိုက်ပျိုးပေးကြပြီး ကျောင်းအတွင်းရှိ Computer Language Lab၊ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ဆိုင်များ၊ ကျောင်းသား ကျောင်းသူလေးများ၏ "စင်သုံးစင်"ကဗျာရွတ်ဆို တင်ဆက်မှု၊ ပန်းချီပြခန်း၊ ကျန်းမာရေး အသိပညာပေးပြခန်းနှင့် Computer˚Language˚Labတို့ကို လိုက်လံကြည့်ရှုကြသည်။

အသင်းဝင်အဆိုပြုလွှာလက်ခံ

ဆက်လက်၍ အခမ်းအနားကို ကျောင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကလေးများအတွက် ကျန်းမာသောပတ်ဝန်းကျင်နှင့် ဆေးလိပ်၊ ခြင်၊ အမှိုက်ကင်းစင်သော ကျောင်းများဖြစ်စေရေး ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ စောင်ရေ ၁၀၀၀၊ အမှတ် (၁၀)ရပ်ကွက်၏ ရပ်ကွက်လုံးကျွတ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာ ၇၅၀နှင့် လှိုင်မြို့နယ်အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းလုံးကျွတ် အသင်းဝင်အဆိုပြုလွှာများကို လက်ခံသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကျောင်းကျန်းမာရေးလုပ်ငန်းများအတွက် ဦးသန်းစိန်–ဒေါ်အေးအေးမြင့် (စန္ဒာပုလဲမိတ်ကပ်)က ငွေကျပ် ၂၀၀၀၀၀၊ အမှတ်(၁၀) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀၀၊ အမှတ်(၁၀)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် ၅၀၀၀၀ စီနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ စုပေါင်းလှူဒါန်းငွေကျပ် ၃၂၀၀၀၀ အပါအဝင် အလှူရှင်ကိုးဦးက စုစုပေါင်းငွေကျပ် ၁၂၂၀၀၀၀ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီတို့က အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌများအား သန့်ရှင်းရေး လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က သွေးလွန်တုပ်ကွေးရောဂါ ပညာပေးပိုစတာများကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌထံပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၅ ရက်က ဒလမြို့နယ် မြို့မ (၁)ရပ်ကွက် အမက(၅)ကျောင်းတွင် ကျောင်းသူကျောင်းသားများအား အာဟာရ ကျွေးမွေးခြင်း၊ ချင်းပင်များစိုက်ပျိုးခြင်း၊ ကျန်းမာရေးဟောပြောခြင်းများ ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးစီနှင့် ဆရာမများ၊ ကျန်းမာရေးဆရာမကြီး ဒေါ်နော်လားထူးတို့က ကျန်းမာရေးအသိပညာပေး ဟောပြောစဉ်။ (က–ပ)

တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း တောင်ကြီးတက္ကသိုလ် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၄

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နယ်မြေတာဝန်ခံ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ် တင်နိုင်သိန်းတို့သည် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ စက်မှုဇုန်မှ တာဝန်ရှိသူများက အထွေထွေဆွေးနွေးကြသည်။

အသင်းဝင်အဆိုပြုလွှာစုပေါင်းပေးအပ်

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် နံနက် ၁၁ နာရီတွင် တောင်ကြီးတက္ကသိုလ် ကျိုင်းတုံခန်းမ၌ ကျင်းပသည့် အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

လက်ခံ

ယင်းနောက် အသင်းဝင်အဆိုပြုလွှာများကို ပေးအပ်ရာ တောင်ကြီးတက္ကသိုလ် ဆရာ၊ ဆရာမများ၏ အသင်းဝင် အဆိုပြုလွှာ ၁၀၇ စောင်ကို ဒုတိယပါမောက္ခချုပ် ဦးရေချမ်းက ပေးအပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးက လက်ခံသည်။

လှည့်လည်ကြည့်ရှု

ထို့နောက်ကျောင်းသား ကျောင်းသူများ၏ အသင်းဝင် အဆိုပြုလွှာ ၈၂၀ ကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းက လက်ခံသည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက တောင်ကြီးတက္ကသိုလ် ဓမ္မာရုံအတွက် အလှူငွေကျပ်ငါးသိန်းကို ပေးအပ်ရာ တောင်ကြီး တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ(သချာ်)ဌာန ပါမောက္ခဌာနမှူး ဦးသန်းဌေးက လက်ခံသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်အသင်း နာယက တိုင်းမှူးက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကာ တောင်ကြီးတက္ကသိုလ်အတွင်းရှိ အသင်းရုံးခန်းဖွင့်လှစ်မည့်နေရာနှင့် ဓမ္မာရုံတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် တောင်ကြီးမြို့မှ ကလောမြို့နယ် သီခေါင်ကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ကျေးရွာပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ ပြုစုပျိုးထောင်ထားသော ပျိုးဥယျာဉ်နှင့်ခါ်စည်းရိုးကြက်ဆူစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

မျှော်လင့်ခြင်းများစွာနှင့် လှည့်စားဇာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာနှင့် ရွှေဆောင်ရုံ၌ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဩဂုတ် ၂၄

HIVရောဂါပိုးကူးစက်ခံရမှုကြောင့် ဘဝမှာမျှော်လင့်ချက်ကင်းမဲ့နေသူ ဝေဒနာရှင်များအတွက် မျှော်လင့်ခြင်းများစွာဖြင့်ဘဝမှာအဓိပ္ပာယ်ရှိရှိ နေထိုင်သွားနိုင်စေရေး ပညာပေး ရိုက်ကူးထားသော **မျှော်လင့်ခြင်းများစွာ** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

မျှော်လင့်ခြင်းများစွာ တွင် မိဘက သားသမီးအပေါ်ထားသော ကြီးမားလှသည့် မိဘမေတ္တာကိုလည်းကောင်း HIV ဟူသည် အပျော်ကျူးမှ ကူးစက်ခံရသော ရောဂါမျိုးဟူ၍ တစ်ထစ်ချ ပုံသေသတ်မှတ်၍မရ။ အပျော်မကျူးဘဲ အနေအထိုင် ဆင်ခြင်သည့်ကြားမှ ရောဂါပိုးရှိသူနှင့် လက်ပွန်းတတီးနေ မိ၍မထင်မှတ်ဘဲ ကူးစက်ခံရခြင်းများ၊ လက်မထပ်မီ လိုအပ်သော ဆေးစစ်မှုများ မလုပ်မိ၍ ကူးစက်ခံရခြင်းများ၊ အကာအကွယ် မသုံးမိ၍ HIV ဖြစ်ရပုံများကို ပညာပေးရိုက် ကူးထားသော ကျန်းမာရေးပညာပေး ဇာတ်ကားဖြစ်သည်။ ရှေ့ဆောင်၊ မြို့လယ်ဝဇီရာ၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ရွှေဝတီရုံများတွင် ဟာသဇာတ်မြူး အက်ရှင်ဇာတ်ကား **လှည့်စား** ဆက်လက်ပြသနေဆဲ ဖြစ်သည်။

မျှော်လင့်ခြင်းများစွာမှ နိုင်းနိုင်း၊ မင်းမော်ကွန်းနှင့် စိုးမြတ်နန္ဒာ။

နေပြည်တော်ရုံတွင် Firewall စံပြ၊ ရွှေမန်းနှင့် သီတာရုံများတွင် အဆင့်မြင့်မြန်မာ ဗီဒီယိုဇာတ်ကား **ညီအစ်ကို သူငယ်ချင်း** တင်ဆက်လျက်ရှိသည်။ နဝဒေးရုပ်ရှင်ဥယျာဉ်၊ မော်ဘီမြင့်ရုံနှင့် ထောက်ကြန့် ရွှေလမင်းရုံများတွင် ရန်အောင်၊ ရဝေအောင်၊ နေထက်လင်းနှင့် မို့မို့မြင့်အောင်၊ မေသန်းနု တို့ပါဝင်ထားသော **ဇာတေနသစ္စဝဇ္ဇေန ဤမှန်သော သစ္စာစကားကြောင့်** ဇာတ်ကား ပြသလျက်ရှိသည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် ဗန်ဒိန်းပါဝင်ထားသော Universal soldier ဇာတ်ကားပြသနေပြီး ရွှေဂုန်ရုံမြေညီထပ်၌ အကယ်ဒမီဆုရ အိန္ဒိယဇာတ်ကား Baaz ရုံဝင်လာသည်။ ဆုထူးပန်ရုံတွင် Nache Nagin Gali Gali မြွေမင်းသမီးကချေသည်ဇာတ်ကားဖြင့်ဖျော်ဖြေလျက်ရှိသည်။ ရတနာပုံအဆင့်မြင့်ရုပ်ရှင်ရုံတွင် Hanuman ဇာတ်ကားပြသလျက်ရှိသည်။ တန်းမြင့်မြို့မရုံတွင် အာဂျေးဒေ့ဗ်ဂန်၊ မရီးသီးဇင်တား၊ မာဒူရီးဒီးစစ်တို့ ပါဝင်ထားသော သုံးပွင့်ဆိုင် အချစ်ဇာတ်ကြမ်းကား Yeh Raaste Hain Pyarke ရုံဝင်လာသည်။ လာမည့်သောကြာပတ်တွင် ဒါရိုက်တာ Rohansippy ရိုက်ကူးသည့် Bluff Master ဇာတ်ကားသစ် တန်းမြင့်မြို့မရုံတွင် ရုံဝင်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို) ရန်ပုံငွေပွဲအဖြစ် ဂျက်ကီချန်း ပါဝင်ထားသော The Myth ဇာတ်ကားမှာ ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီတွင် သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသမည်ဖြစ်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

ဇာတေနသစ္စဝဇ္ဇေန ဇာတ်ကားမှ မေသန်းနုနှင့် သရုပ်ဆောင်များ။

(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲ
အမျိုးသမီး ရန်ကုန်နှင့် မွန်ပြည်နယ်
အမျိုးသား ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် စစ်ကိုင်းတိုင်း ဗိုလ်လုကြမည်

သတင်းမှတ်စုနှင့်ဓာတ်ပုံ – သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၄

(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၈ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံတွင် ဆက်လက်ကျင်းပသည်။ အမျိုးသမီး ပထမအကြိုဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းသည် ဝါရင့်ကစားသမားများဖြင့် ဖွဲ့စည်းထားပြီး ပြိုင်ပွဲအတွေ့အကြုံများရှိသည့် ရန်ကုန်တိုင်းအသင်းနှင့် လက်ရည်တူ ယှဉ်ပြိုင်ကစားသွားပြီး အမှားနည်းသည့် ရန်ကုန်တိုင်းအသင်းကို သုံးပွဲ–ပွဲမရှိဖြင့် ရှုံးနိမ့်သွား၍ ဗိုလ်လုပွဲနှင့်လွဲကာ တတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယမန်နှစ် တတိယဆုရရှိခဲ့သည့် ရန်ကုန်တိုင်း အမျိုးသမီးအသင်းသည် ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဗိုလ်လုပွဲတက်ရောက်

အမျိုးသမီးအကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်တွင် သွေးသစ်လူငယ်များကို အခြေခံထားသည့် မွန်ပြည်နယ်အသင်းသည် အသင်းလိုက်စုစည်းမှု အားကောင်းစွာဖြင့် ပြိုင်ဘက် မကွေး

(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲ အမျိုးသမီး ပထမအကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းအသင်းနှင့် မန္တလေးတိုင်းအသင်းတို့ ဤသို့ အကြိတ်အနယ် လက်ရည်ပြိုင်ခဲ့ကြသည်။
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

တိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးပွဲ–ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ မကွေးတိုင်းအသင်းသည် ယမန်နှစ်ချန်ပီယံ မန္တလေးတိုင်းနှင့်အတူ ပူးတွဲတတိယ ရရှိကြသည်။

ပွဲကောင်း

အမျိုးသမီးဗိုလ်လုပွဲတွင် ယမန်နှစ် ပူးတွဲ တတိယရရှိထားသည့် ရန်ကုန်တိုင်းအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆုံတွေ့မည်ဖြစ်ရာ အမှားမခံသော ဗိုလ်လုပွဲကောင်း တစ်ပွဲဖြစ်လာနိုင်ပေသည်။

အကြိတ်အနယ်

အမျိုးသား ပထမအကြိုဗိုလ်လုပွဲတွင် လူငယ်လက်ရွေးစင် ငါးဦးပါဝင်ပြီး နှစ်လုံးပေါက်နီးပါး လေ့ကျင့်ထားသည့် မန္တလေးတိုင်းအသင်းနှင့် လူငယ်အများစုဖြင့် အပင့်၊ အထောင်၊ အတို့၊ အဆိတ်ဖြင့် တစ်သင်းလုံး စုစည်းစွာကစားသွားသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့ အကြိတ်အနယ် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားသွားကြသည်။

ပရိသတ်အကြိုက်

ယမန်နှစ်က ဗိုလ်လုပွဲတွင် ဆုံတွေ့ကြသည့် အသင်းနှစ်သင်း ယခုနှစ်အကြိုဗိုလ်လုပွဲတွင် ပြန်လည်ဆုံတွေ့ယှဉ်ပြိုင်ကြရာ ပွဲမှာ ကြည့်ကောင်းပြီး ပရိသတ်အကြိုက်ဆုံး ပြိုင်ပွဲပင်ဖြစ်သည်။ တစ်သင်းနှင့်တစ်သင်း အမှားမခံဘဲ သူတစ်ပြန်ကိုယ်တစ်ပြန်ဖြင့် အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ကြံ့ခိုင်စွာ ယှဉ်ပြိုင်ကြရာ ယမန်နှစ် ဒုတိယဖြင့်ကျေနပ်ခဲ့ရသည့် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းသည် လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းကို ငါးပွဲပြည့် ကစားပြီး ၂၅ မှတ်–၁၉ မှတ်၊ ၂၈ မှတ်–၃၀ မှတ်၊ ၂၅ မှတ်–၂၃ မှတ်၊ ၂၁ မှတ်–၂၅ မှတ်ဖြင့် ပွဲငယ် လေးပွဲကစားပြီးချိန်တွင် နှစ်ပွဲစီနိုင်ဖြင့် တူညီနေပြီး နောက်ဆုံးပွဲငယ် ၁၅ မှတ် အဆုံးအဖြတ်ပွဲ ယှဉ်ပြိုင်ရာ ၁၂ မှတ်စီ တူညီသော်လည်း ချန်ပီယံ မန္တလေးတိုင်းအသင်း၏ အမှားကို မိမိရရအသုံးချနိုင်၍ သုံးမှတ်ဆက်တိုက်ရရှိကာ ၁၅ မှတ်–၁၂ မှတ်ဖြင့် သုံးမှတ်အသာဖြင့် အနိုင်ရရှိသွားသည်။

ကျေနပ်

ပြိုင်ပွဲအပြီးတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းက သုံးပွဲ–နှစ်ပွဲဖြင့် ချန်ပီယံမန္တလေးတိုင်းအသင်းကို အနိုင်ရရှိပြီး ယမန်နှစ်ရှုံးကြွေးကို ပေးဆပ်ကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ယမန်နှစ်ချန်ပီယံ မန္တလေးတိုင်းအသင်း တတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

အမျိုးသား ဒုတိယအကြိုဗိုလ်လုပွဲတွင် ပြိုင်ပွဲအတွေ့အကြုံ၊ စပေးဘောနှင့် ရိုက်ခုတ်မှု အားကောင်းသည့် နာမည်ကြီး ရန်ကုန်တိုင်းအသင်းသည် ပထမပွဲငယ်တွင် စစ်ကိုင်းတိုင်းအသင်းကို ၂၅ မှတ်–၂၀ မှတ်ဖြင့် ဦးဆောင်ထားသော်လည်း တစ်ပွဲထက်တစ်ပွဲ လက်စွမ်းပြလာသည့် စစ်ကိုင်းတိုင်း ဘော်လီဘောအသင်းသည် စုစည်းမှုအားကို ပြန်လည်ရယူကာ နာမည်ကြီးပြိုင်ဘက် ရန်ကုန်တိုင်းအသင်း၏ စပေးဘောနှင့် ရိုက်ခုတ်မှုကို ပြန်လည်ထိန်းချုပ်လာနိုင်သည့်အတွက် ဒုတိယပွဲငယ်တွင် ၂၅ မှတ်–၂၂ မှတ်ဖြင့် လည်းကောင်း၊ တတိယပွဲငယ်တွင် ၂၅ မှတ်–၂၃ မှတ်ဖြင့်လည်းကောင်း၊ စတုတ္ထပွဲငယ်တွင် ၂၅ မှတ်–၂၀ မှတ်ဖြင့် သုံးပွဲဆက်တိုက် အနိုင်ရရှိသွား၍ ပြိုင်ပွဲအပြီးတွင် ဗိုလ်လုပွဲနှင့် နှစ်နှစ်ခန့် ဝေးကွာနေသည့် စစ်ကိုင်းတိုင်းအသင်းသည် သုံးပွဲ–တစ်ပွဲဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဗိုလ်လုပွဲတွင် နာမည်ကြီး လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းအား အနိုင်ရရှိလာသည့် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ဆုံတွေ့မည်ဖြစ်သည်။ ရန်ကုန်တိုင်းအသင်းသည် ချန်ပီယံ မန္တလေးတိုင်းအသင်းနှင့်အတူ ပူးပွဲတတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဩဂုတ် ၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁၂ နာရီခွဲတွင် ဗိုလ်လုပွဲများကျင်းပမည်ဖြစ်ပြီး ဘော်လီဘော အားကစားဝါသနာရှင်များ ဗိုလ်လုပွဲကောင်းများ ကြည့်ရှုလိုပါလျှင် အောင်ဆန်းအားကစားပြိုင်ဝင်း၌ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။

အမျိုးသမီးဗိုလ်လုပွဲ

ရန်ကုန်တိုင်း နှင့် မွန်ပြည်နယ်။

အမျိုးသားဗိုလ်လုပွဲ

ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် စစ်ကိုင်းတိုင်း။

(မြန်မာ့အလင်း)

အမျိုးသား အကြိုဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းကို သုံးပွဲ–နှစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသော ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းသားများ ဤသို့ အောင်ပွဲခံ ပျော်မြူးခဲ့ကြသည်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာနိုင်ငံဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့က ကြီးမှူး၍ "Refresher Course 2006 " သင်တန်းကိုဩဂုတ် ၂၆ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(အေ) တွင် သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များနှင့် ဆေးကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံ–တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် ဂူရှူးအားကစား သရုပ်ပြပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

(၁၅)ကြိမ်မြောက် အာဆီယံ–တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ဂူရှူးအားကစား သရုပ်ပြပွဲကို မြန်မာနိုင်ငံ၌ လက်ခံကျင်းပသွားမည်ဖြစ်သည်။

သရုပ်ပြသ

အဆိုပါ တရုတ်အဆင့်မြင့် ဂူရှူးသရုပ်ပြအဖွဲ့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မြန်မာ၊ မလေးရှား၊ ကမ္ဘောဒီးယားနှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံများသို့ လှည့်လည် သရုပ်ပြသသွားမည်ဖြစ်သည်။

တွေ့မြင်

ယခုပြသမည့် ဂူရှူးသရုပ်ပြပွဲကို မြန်မာပြည်သူများနှင့် ဝါသနာရှင်များ၊ ဂူရှူးမျိုးဆက်သစ် မောင်/မယ်လေးများအတွက် အံ့မခန်းရှုစားဖွယ်ရာများကို တွေ့မြင်ကြရမည်ဖြစ်သည်။

အဆိုပါ တရုတ်အဆင့်မြင့် ဂူရှူးသရုပ်ပြပွဲကို သုဝဏ္ဏ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ညနေ ၃ နာရီမှ ၄ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ မြန်မာနှင့်အင်ဒိုနီးရှား ယနေ့ယှဉ်ပြိုင်မည်

သတင်းမှတ်စု – ကိုထွေး

ရန်ကုန် ဩဂုတ် ၂၄

(၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို မလေးရှားနိုင်ငံ ရှာအလမ်အားကစားကွင်း၌ ဩဂုတ် ၂၃ ရက်မှစတင်၍ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ ပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ နှစ်ဂိုးစီသရေ၊ မလေးရှားအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ တစ်ဂိုးစီသရေကျခဲ့ကြသည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ပွဲစဉ်တွင် ထိုင်းအသင်းက ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း မြန်မာအသင်းက ချေပဂိုးများ သွင်းယူနိုင်၍ သရေကျခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းအတွက် ပထမဂိုးကို ပွဲစပြီး ၁၉ မိနစ်အကြာတွင် တိုက်စစ်မှူး ဝီနိုထိုင်းက သွင်းယူပေးသည်။ မြန်မာအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၅ မိနစ်တွင် စည်သူဝင်းက သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေဖြစ်နေသည်။

မျှော်လင့်ချက်ထားနိုင်

ထိုင်းအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၅၄ မိနစ်တွင် တိုက်စစ်မှူး ဝီနိုထိုင်းကပင် သွင်းယူခဲ့ရာ ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။ မြန်မာအသင်းအတွက် ဒုတိယချေပဂိုးကို ပွဲချိန်မိနစ် ၇၀ တွင် တိုက်စစ်မှူး စည်သူဝင်းကပင် သွင်းယူပေးသည်။ မြန်မာအသင်းသည် ပွဲဦးထွက်၌ ထိုင်းအသင်းကို သရေကစားပြီး တစ်မှတ်ရရှိထားရာ ဗိုလ်လုပွဲတက်ရန် မျှော်လင့်ချက်ထားနိုင်သည့် အနေအထားပင်ဖြစ်သည်။

အကြိတ်အနယ်ရှိဖွယ်

ဩဂုတ် ၂၃ ရက်က ဒုတိယပွဲစဉ်အဖြစ် အိမ်ရှင်မလေးရှားအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။ (၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်မလေးရှားအသင်းနှင့်အတူ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ တစ်ပွဲစီကစားပြီး အနေအထားအရ တစ်သင်းလျှင် တစ်မှတ်စီရရှိထားကြရာ လက်ကျန်ပွဲစဉ်များ အကြိတ်အနယ်ရှိလာမည်ဖြစ်သည်။

ယနေ့ပွဲစဉ်များ

ဩဂုတ် ၂၅ ရက် **(ယနေ့)** တွင် ဆက်လက် ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ထိုင်းအသင်းနှင့် မလေးရှား အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာအသင်း

(၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ နည်းပြများအဖြစ် ဦးဆန်းဝင်းနှင့် ဦးကြည်လွင်၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာအောင်ကျော်ဦး၊ သူနာပြုအဖြစ် ဦးညွန့်လင်း၊ လေ့လာသူအဖြစ် ဦးအေးမောင်လေးနှင့် ဦးတင်ဟန်တို့ လိုက်ပါဆောင်ရွက်လျက်ရှိကြသည်။

အားကစားသမားများအဖြစ် **(ဂိုး)** အောင်အောင်ဦး၊ ကိုကိုအောင်၊ **(နောက်တန်း)** မင်းသူ၊ ဇော်လင်းထွန်း(၂)၊ မိုးဝင်း၊ ခင်မောင်လွင်၊ ကျော်ဇေယျာမင်း၊ ဇော်ထက်အောင်၊ **(အလယ်တန်း)** စိုးသီဟအောင်၊ အောင်မျိုးသန့်၊ စိုးမြတ်မင်း၊ အောင်ကျော်မိုး၊ ဇော်ဇော်၊ ခင်မောင်ထွန်း၊ အောင်မြင့်အေး၊ **(ရှေ့တန်း)** စည်သူဝင်း၊ ရန်ပိုင်နှင့် ကျော်သူရတို့ ပါဝင်ကြသည်။ ။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

မန်ယူနိုင်ပွဲဆက်၊ ချယ်လ်ဆီး ရှုံးပွဲကြုံ

လန်ဒန် ဩဂုတ် ၂၄

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲစဉ်(၂)ကိုဩဂုတ်၂၃ရက်ကကျင်းပရာ နာမည်ကြီး ချယ်လ်ဆီးတို့မစ်ဒယ်ဘရော့ကို မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့လိုက်ရပြီး မန်ယူက ချာလ်တန်ကို သုံးဂိုးပြတ်သွင်းကာ နိုင်ပွဲဆက်ခဲ့သည်။ ထို့အတူ အက်စတွန် ဗီလာတို့ နိုင်ပွဲရသော်လည်း ဖူလ်ဟမ်နှင့်ဘော်လ်တန်၊ မန်စီးတီးနှင့် ပို့စ်မောက်၊ ဘလက်ဘန်းနှင့် အဲဗာတန်တို့ သရေပွဲများဖြစ်ခဲ့သည်။

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

မန်ယူအသင်းမှ ဖလက်ချာ၏ ချာလ်တန်ဘက်သို့ ထိုးဖောက်ကစားဟန်။

ချာလ်တန်နှင့်မန်ယူ

ပရီမီယာလိဂ် အဖွင့်ပွဲစဉ်၌ ဖူလ်ဟမ်ကို ငါးဂိုး–တစ်ဂိုးဖြင့် ပြတ်ပြတ်သားသား အနိုင်ယူခဲ့သော မန်ယူသည် ဒုတိယပွဲစဉ်အဖြစ် ချာလ်တန်နှင့် အဝေးကွင်း၌ ကစားရသောပွဲကိုလည်း သုံးဂိုးပြတ်သွင်းကာ မန်ယူတို့ဂိုးသွင်းစွမ်းရည်ထက်မြက်ကြောင်း ပြိုင်ဘက်အသင်းများအား ခြိမ်းခြောက်ပြလိုက်ပြီဖြစ်သည်။

ဆာဟာ၊ ပတ်ဂျီဆန်၊ စီရိုနယ်ဒို၊ ရိုင်ယန်ဂစ်၊ ဖလက်ချာ တို့ကို အဓိကထားပွဲထုတ်လာသော မန်ယူသည် ၅–၃–၂ ပုံစံဖြင့် ပွဲအစမှာပင် အပေးအယူ လျင်လျင်မြန်မြန်ဖြင့် ကစားနိုင်ခဲ့သည်။ ဂိုးရလိုမှုဆန္ဒစောခြင်းကြောင့် ဘောလုံးအပေးအယူ အပိုအလို အနည်းငယ်ဖြစ်သည်မှလွဲပြီး မန်ယူတို့ချာလ်တန်ကို ဘောလုံး ပိုင်ဆိုင်မှုများများဖြင့် ကစားနိုင်ခဲ့သည်။

ပထမပိုင်းပွဲချိန်အတွင်း မန်ယူတို့ ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်းပွဲချိန် ၄၉ မိနစ်ရောက်မှသာ မန်ယူကွင်းလယ် ကစားသမား ဖလက်ချာက ချာလ်တန်ဂိုး ဧရိယာပယ်နယ်တီ အမှတ်အသားအနီးမှ ညာခြေဖြင့်ကန်သွင်း ယူခဲ့သဖြင့် မန်ယူတို့အဖွင့်ဂိုးစတင် ရရှိသွားသည်။

အဖွင့်ဂိုး

ပွဲပယ်ဒဏ်ခံနေရသည့်ပေါလ်စခိုးနေရာတွင် အစားထိုးဝင်ရောက် ကစားသော ဖလက်ချာခြေစွမ်းပြကစားနိုင်ခဲ့သည်။ ချေပဂိုးရရှိရေး ချာလ်တန်တို့ တန်ပြန်တိုက်စစ်ဆင် ကစားခဲ့ရာ ဒါရင်ဘင့်၏ ကန်သွင်းချက်နှင့် ဟက်ဆယ်ဘင့်၏ ကန်သွင်းချက်များ လွဲချော်ခဲ့သဖြင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၇၇ မိနစ်တွင် ပတ်ဂျီဆန်အစား မိုက်ကယ်ကာရစ် အစားထိုးကစားခဲ့ပြီးနောက် မန်ယူက မိနစ် ၈၀တွင် ချာလ်တန်ဂိုးဧရိယာ ဝဲဘက်ခြမ်းမှနေ၍ လူးဝစ်ဆာဟာက ဘယ်ခြေဖြင့် အနိမ့်ဘောကန်သွင်းယူလိုက်သဖြင့် ဒုတိယဂိုးရရှိခဲ့သည်။

ထို့နောက် ၈၂ မိနစ်တွင် ရိုင်ယန်ဂစ်အစား ဆိုးလ်ရှားကိုထည့် သွင်းကစားခဲ့ရာ ဆိုးလ်ရှားက ပွဲချိန် မိနစ် ၉၀ တွင် ချာလ်တန်ဂိုးဧရိယာအတွင်းမှ ညာခြေဖြင့်အနီးကပ်ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ သုံးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူတို့ ယနေ့ပွဲ၌ ဂိုးသွင်းခွင့် (၂၃) ကြိမ်ရရှိခဲ့ပြီး အပိုင်ဂိုးသွင်းခွင့် (၁၁) ကြိမ်ရရှိခဲ့ရာမှ သုံးဂိုး သွင်းယူနိုင်ခဲ့သလို ချာလ်တန်တို့က ဂိုးသွင်းခွင့် ကိုးကြိမ်ရရှိပြီး အပိုင်ကန်သွင်းခွင့် နှစ်ကြိမ်သာရရှိခဲ့သည်။

မစ်ဒယ်ဘရော့မှ ဗီဒူကာ ချယ်လ်ဆီးဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။

မစ်ဒယ်ဘရော့–ချယ်လ်ဆီး

ပြီးခဲ့သည့် ပရီမီယာလိဂ်ဘောလုံးရာသီ၌ မစ်ဒယ်ဘရော့ ကွင်း၌ ချယ်လ်ဆီးတို့ သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ရသကဲ့သို့ ယခုနှစ်တွင်လည်း မစ်ဒယ်ဘရော့ကိုနှစ်ဂိုး–တစ်ဂိုးဖြင့်ချယ်လ်ဆီးတို့ ရှုံးနိမ့်ခဲ့ရ ပြန်ပြီဖြစ်သည်။ ပြီးခဲ့သည့် ပွဲစဉ်၌ မန်စီးတီးကို သုံးဂိုးပြတ် သွင်းယူနိုင်ခဲ့သဖြင့် ဝံ့ကြွားခဲ့သော ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုလည်း အသံတိတ်သွားစေခဲ့သည်။

မစ်ဒယ်ဘရော့ကို အနိုင်ယူရန် ချယ်လ်ဆီးတို့ လူစုံထုတ် ကစားခဲ့ရာ ပွဲအစမှာပင် တိုက်စစ်ဖွင့်ကာ ဂိုးရရှိရေးကြိုးစားနိုင်ခဲ့သည်။ ချယ်လ်ဆီး၌ ခြေစွမ်းပြနေသော တိုက်စစ်မှူးရှက်ဗ်ချင်ကိုက ပွဲချိန် ၁၆ မိနစ်၌ မစ်ဒယ်ဘရော့ ဂိုးဧရိယာအတွင်း ဘယ်ခြေဖြင့် အပိုင်ကန်သွင်းယူခဲ့ရာမှ ချယ်လ်ဆီးတို့ အဖွင့်ဂိုးရရှိခဲ့သည်။

လွဲချော်

ချယ်လ်ဆီးတို့ အကြိမ်ကြိမ် ဂိုးသွင်းခွင့်ရရှိခဲ့သော်လည်း တိုက်စစ်မှူးများ၏ ကန်ချက်လွဲချော်မှု၊ မစ်ဒယ်ဘရော့ဂိုးသမား၏ ကာကွယ်မှုတို့ကြောင့် ဂိုးထပ်မသွင်းနိုင်ဘဲရှိနေရာ ပထမပိုင်းပွဲချိန်အတွင်း ချယ်လ်ဆီးတို့ တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

သို့သော် ဒုတိယပိုင်းပွဲချိန် မိနစ် ၈၀တွင် မစ်ဒယ်ဘရော့မှ အီမြူရယ် ပိုဂတ်တီဇ်က ခေါင်းတိုက်၍ တစ်ဂိုးနှင့် ပွဲချိန်မိနစ်၉၀တွင် ချယ်လ်ဆီး ဂိုးဧရိယာအတွင်းမှ ဗီဒူကာက ညာခြေဖြင့် အပိုင်ကန်သွင်းယူ သွားခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးတို့ ချေပဂိုး မသွင်းနိုင်ဘဲနှစ်ဂိုး–တစ်ဂိုးဖြင့် ယခုနှစ် ပရီမီယာလိဂ်တွင် ပထမဆုံး ရှုံးပွဲကြုံတွေ့သွားခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဖူလ်ဟမ်	၁ – ၁	ဘော်လ်တန်
ဂျင်မီဘူလ်လက်(ပယ်နယ်တီ)		**ဒိုင်ဘုတ်(ပယ်နယ်တီ)**
မိနစ် ၉၀		၇၃ မိနစ်
ဘလက်ဘန်း	၁ – ၁	အဲဗာတန်
မက်ကာသေး(မိနစ်၅၀)		**တင်ကာဟေး (၈၄ မိနစ်)**
အက်စ်တွန်ဗီလာ	၂ – ၁	ရီဒင်း
ဂွန်ပါဘလိုအင်ဂယ် (ပယ်နယ်တီ–၃၄ မိနစ်)		**ကီဗင်ဒွိုင်လီ (၄ မိနစ်)**
ဂါရက်ဘာရီ(၆၁မိနစ်)		
မန်စီးတီး	၀ – ၀	ပို့စ်မောက်

(အင်တာနက်)

ရီးရဲမက်ဒရစ်က ဒီယာရာကိုခေါ်ယူ ရော်နယ်ဒိုကိုအေစီမီလန်မျက်စိကျ

အေစီမီလန် ဩဂုတ် ၂၄

ရီးရဲမက်ဒရစ်အသင်းမှ ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုအား အေစီမီလန်က ခေါ်ယူရန်မျက်စိကျနေပြီး စာချုပ်ချုပ်ဆိုရေးအတွက် ဩဂုတ်၂၃ ရက်က စတင် ဆွေးနွေးနေပြီဟု သိရသည်။

အေစီမီလန်က မျက်စိကျနေသော ရီးရဲမက်ဒရစ်တိုက်စစ်မှူး ရော်နယ်ဒို

မိမိတို့အနေဖြင့် အသက်၃၀သာ ရှိသေးသည့် ရော်နယ်ဒိုအား ရောင်းရန် မလိုလားကြောင်း၊ သို့ရာတွင် မီလန်က ကာကာနှင့်လဲရန်ကမ်းလှမ်းခဲ့လျှင် ဖြစ်နိုင်ကြောင်း ရီးရဲမက်ဒရစ် အသင်း ဥက္ကဋ္ဌရေမွန်ကယ်လ်ဒါရွန်ကပြောကြားသည်။ ရော်နယ်ဒိုအား ရီးရဲမက်ဒရစ်က ထွက်ခွာရန် မလိုလားသော်လည်း စေ့စပ် ဆွေးနွေးရန် ပြင်ဆင်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ငွေမလိုကြောင်း ကယ်လ်ဒါရွန်က ပြောကြားသည်။

ခေါ်ယူ

ရီးရဲမက်ဒရစ်အသင်းက လီယွန်မှ မာလီလက်ရွေးစင် ကွင်းလယ်ကစားသမား မဟာမာဒူးဒီယာရာအား ဩဂုတ်၂၂ရက်နေ့ အစောပိုင်းက ခေါ်ယူလိုက်ပြီ ဖြစ်သည်။

အသက် ၂၅နှစ်ရှိ ဒီယာရာ၏ ပြောင်းရွှေ့ကြေးကို ရီးရဲမက်ဒရစ်က ထုတ်ဖော် ပြောကြားခြင်း မရှိပေ။ သို့သော်လည်း ပေါင် ၁၇သန်းဝန်းကျင်ဖြစ်နိုင်ကြောင်း စပိန်မီဒီယာများက ဖော်ပြသည်။

စာချုပ်

ယင်းကစားသမားသည် ကင်နာဗာရို၊အီမာဆင်နှင့် နစ္စတယ်ရွိုင်းတို့ပြီးနောက် ယခုနှစ်တွင် စတုတ္ထမြောက် ရီးရဲမက်ဒရစ်က စာချုပ်ချုပ်ဆိုလိုက်သော ကစားသမားဖြစ်လာသည်။

မပါဝင်နိုင်

ရော်နယ်ဒိုသည် ကမ္ဘာ့ဖလား အပြီး ဒူးခွဲစိတ်ခံထားရ၍ စပိန်လာလီဂါ အဖွင့်ပွဲအဖြစ် ဗီလာရီးရဲအသင်းနှင့် ဩဂုတ် ၂၇ ရက်တွင် ယှဉ်ပြိုင်ကစားမည့်ပွဲ၌ ပါဝင်ကစားနိုင်ဖွယ်မရှိကြောင်း သိရသည်။ **(အင်တာနက်)**

ဘာမင်ဂမ်ကွင်းလယ်ကစားသမား ဝုဒ်ဟောက်စ် စက်တင်ဘာ ၈ရက်၌ လက်ဝှေ့ထိုးသတ်မည်

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဩဂုတ် ၂၄

ဘာမင်ဂမ်နှင့် ရှက်ဖီးယူနိုက်တက် ကွင်းလယ် ကစားသမားဟောင်း ကာတစ်ဝုဒ်ဟောက်စ်သည် စက်တင်ဘာ ၈ ရက်တွင် လက်ဝှေ့ပြိုင်ပွဲတစ်ရပ် ထိုးသတ်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဖော်ပြ

အသက် ၂၆ နှစ်ရှိ ဝုဒ်ဟောက်စ်သည်လန်ဒန်မြို့ဂရော့စ်ဗန်နာဟောက်စ်ဟိုတယ်၌ ဝယ်တာဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲတစ်ရပ်အဖြစ် စက်တင်ဘာ ၈ ရက်တွင် ဒီးန်မာကင်တိုနီယိုနှင့် ထိုးသတ်မည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

လက်ဝှေ့သမားအဖြစ်ခံယူသွားသည့် ဝုဒ်ဟောက်စ်။

အသက် ၂၁ နှစ်အောက် အင်္ဂလန် ကစားသမားဟောင်း ဝုဒ်ဟောက်စ်သည် ပြီးခဲ့သောရာသီက ဂရင်းစ်ဘီအသင်းမှ ထွက်ခွာခဲ့သူဖြစ်သည်။ "လက်ဝှေ့ထိုးသတ်ခြင်းဟာ ကျွန်တော် ပထမဆုံး နှစ်သက်မြတ်နိုးတဲ့အားကစားဖြစ်ပါတယ်၊ အမြဲတမ်းလည်း လက်ဝှေ့ထိုးရန်ဆန္ဒရှိခဲ့ပါတယ်"ဟု ဝုဒ်ဟောက်စ်က ပြောကြားသည်။

"ဘောလုံးအားကစား လေ့ကျင့်ပြီးတဲ့နောက် ကျွန်တော်ဟာ နေ့တိုင်းလက်ဝှေ့ကစားနည်းကို သွားရောက်လေ့လာခဲ့ပါတယ်"ဟူ၍လည်း ၎င်းကဆက်လက်ပြောဆိုသည်။ ၎င်းအား ဗြိတိသျှဖယ်သာဝိတ်တန်း ချန်ပီယံဟောင်း ဂါရီဒီရော့ဇ်က လက်ဝှေ့ လေ့ကျင့်ပေးလျက်ရှိသည်။ **(အင်တာနက်)**

ဝီဂန်တိုက်စစ်မှူးကာမရာ ၂၀၀၉ခုနှစ်အထိ ဝီဂန်၌ရှိမည်

ဝီဂန် တိုက်စစ်မှူး ကာမရာ

လန်ဒန် ဩဂုတ် ၂၄

ဆီနီဂေါတိုက်စစ်မှူး ကာမရာသည် ဝီဂန်အသင်းနှင့် ၂၀၀၉ခုနှစ်အထိ သုံးနှစ်စာချုပ်လိုက်ပြီဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ယခင် စာချုပ်အရ ၂၀၀၈ ခုနှစ်အထိသာ ချုပ်ဆိုရန်ပြင်ဆင်ထားသော်လည်းစာချုပ် သက်တမ်းထပ်မံတိုးခဲ့ခြင်းဖြစ်သည်။

အသက် ၂၉နှစ်ရှိ ကာမရာအား နယူးကာဆယ်နှင့် ပို့စ်မောက်အသင်းများက စိတ်ဝင်စားခဲ့ကြောင်း ၎င်းအသင်းများက ပြောကြားသည်။

မိမိအနေဖြင့် ဝီဂန်မှ မည်သည့် အသင်းကိုမှ မပြောင်းလိုတော့ကြောင်း ဆီနီဂေါတိုက်စစ်မှူး ကာမရာက ပြောကြားသည်။

ကာမရာသည် ၂၀၀၅ခုနှစ် ဩဂုတ်လက ဝေါဗက်စ်အသင်းမှ ပေါင်သုံးသန်းဖြင့် ဝီဂန်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ ၎င်းတိုက်စစ်မှူးသည် ပြီးခဲ့သော ရာသီက ဝီဂန်အသင်းအတွက် ပွဲပေါင်း၃၀ ပါဝင်ကစားခဲ့ပြီး ၁၂ဂိုး သွင်းပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

အသည်းအစားထိုးခွဲစိတ်ကုသမှုအောင်မြင်ခြင်း

ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုအောင်မြင်ခြင်း နှစ်နှစ်ပြည့်အခါသမယတွင် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အသက်သခင် ကျေးဇူးရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ကျန်းမာရွှင်လန်းစွာဖြင့် ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါသည်။

မောင်ခင်ဇော်ထက်

(အသည်းအစားထိုးခွဲ စိတ်ခံယူသူ)။

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် ဦးနိုင်အောင် ၁၂/လမန(နိုင်)၀၂၃၈၆၈ ပိုင်ဆိုင်သည့် တိုရိုတာချီဆာ S/L ၇က/၈၆၈၈ယာဉ်၏ အခွန်စာရွက် အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၅၆၂၆၉၁။

Practical A+ Course - only 6 persons
Section No: 36 : - Sat,Sun 9 to 11am, 3 Months + Onsite
Section No: 37 : - Sat,Sun 11:30 to 1:30 pm, 3 Months+Onsite
Section No: 38 :- Mon to Fri, 9 to 11 am, 1 Month+ Onsite
Nawarat Computer Sales, Service, Rental & Training
No.(135), Bogalayzay St.,(UPPER) Botahtaung Tsp.
Tel: 39 20 47, 09-51 646 36, 09-51 33 220

"The Live News"

MRTV-4
MILK SHAKE
Master
ဖုန်း - 09-5134497

မြို့ပြအင်ဂျင်နီယာအဘိဓာန်
ဆရာစိုင်း (F.E.G)
Future Engineering Group Training Centre

KMD (မြေနီကုန်း) Computer Centre
:: i-Office :: Introduction to Internet :: Email & Web Design :: Desktop Publishing
:: Graphics Design :: Practical A+ :: Practical Network :: Basic Software Engineering
:: Advanced Software Engineering :: LCCI Computerised Accounting

အရှင်သိရိန္ဒာဘိဝံသ တရားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ပဓာနနာယကဆရာတော် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကအဂ္ဂမဟာပဏ္ဍိတ အရှင်သိရိန္ဒာဘိဝံသ(ယောဆရာတော်)သည် တော်သလင်းလဆန်း ၈ရက် (ဩဂုတ် ၃၀ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး ဆရာတော်အား ဝါဆိုသင်္ကန်းများ ကပ်လှူမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်ဦးအား ထိုင်းဒုတိယဝန်ကြီးချုပ်နှင့်တရားရေးဝန်ကြီးတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယား ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၂နာရီ၄၅မိနစ်တွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးခင်မောင်သိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဧည့်သည်တော်၊ အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီးချစ်ချိုင်းဗာနာဆာတီဒီယား လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နယ်စပ်စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်တရားရေးဝန်ကြီးတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီးချစ်ချိုင်းဗာနာဆာတီဒီယားနှင့် အဖွဲ့ဝင်များသည် ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်၊ အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန ကိုယ်စားပြု အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုပွဲတွင် အမှာစကားပြောကြားစဉ်။ (သစ်တောရေးရာ)

သစ်တောရေးရာဝန်ကြီးဌာန ကိုယ်စားပြု အောင်ပွဲရအားကစားသမားများ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၂၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ပြုလုပ်သော ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ပြည်တွင်း/ပြည်ပ ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော သစ်တောရေးရာဝန်ကြီးဌာနကိုယ်စားပြု အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုပွဲသို့တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး တစ်နှစ်အတွင်း အကောင်းဆုံးအားကစားသမားဆုရ တိုက်ကွမ်ဒိုအားကစားသမား မစိုးစိုးမြှာအားလည်းကောင်း၊ အောင်ပွဲရ ရေကူးအသင်းဆုကို ရေကူးအသင်း ကိုယ်စားမောင်ရန်လင်းအောင်အားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ဆက်လက်၍ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အားကစားနည်းအလိုက် အောင်ပွဲရရှိခဲ့ကြသော အားကစားမောင်မယ်များအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

နှုတ်ဆက်အားပေး

ထို့နောက် အောင်ပွဲရအားကစားသမားများကိုယ်စား တိုက်ကွမ်ဒိုအားကစားသမား မစိုးစိုးမြှာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဝန်ကြီးက အားကစားမောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ ဂုဏ်ပြုညစာဖြင့် ဧည့်ခံသည်။

ဆုရရှိခဲ့

သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ပြည်တွင်းပြိုင်ပွဲများ၌ ရွှေ ၈၅ ဆု၊ ငွေ ၄၇ ဆု၊ ကြေး ၅၇ ဆုနှင့် နိုင်ငံတကာပြိုင်ပွဲများ၌ ရွှေနှစ်ဆု၊ ငွေရှစ်ဆု၊ ကြေးကိုးဆု စုစုပေါင်း ဆုတံဆိပ် ၂၀၈ ဆုတို့ ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုးရက်အဓိဋ္ဌာန်ပွဲနှင့်ဓာတ်ကြီးလေးပါးဆွမ်းကပ်လှူပွဲ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသော သတ္တဌာန ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲနှင့်ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပွဲကို ဩဂုတ် ၂၈ရက်မှ စက်တင်ဘာ ၅ရက်အထိ ကိုးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင်လယ်တီဆရာတော် ဘဒ္ဒန္တ သုမင်္ဂလ၏ ဥပနိဿယအတိုင်း ကျောင်းတိုက်ဦးစီးနာယက ဆရာတော် ဘဒ္ဒန္တ အာသဘက အဓိဋ္ဌာန် တရားတော်များ ချီးမြှင့်တော်မူမည်ဖြစ်သည်။

ယင်းသတ္တဌာန ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းအဓိဋ္ဌာန်ပွဲကို နေ့စဉ် ညနေ ၅နာရီတွင်လည်းကောင်း၊ ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပွဲကို နေ့စဉ် နံနက်၆နာရီခွဲ၌လည်းကောင်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ အလှူရှင်များသည် ကျောင်းတိုက် ဖုန်း-၅၆၀၇၁၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝ၅၂)

မြိတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ကြီးမှူး ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေးမြှင့်တင်ပေးရေးသင်တန်းဖွင့်

မြိတ် ဩဂုတ် ၆

တနင်္သာရီတိုင်း မြိတ်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေးမြှင့်တင်ပေးရေး သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက မြိတ်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားကို တနင်္သာရီတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သန်းဌေး၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းဝင်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ တနင်္သာရီတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး မြိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာညွန့်ညွန့်လွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆေးများလှူဒါန်း

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက မွေးဖွားလူနာများအတွက် တစ်ခါသုံး သန့်စင်ပစ္စည်းများနှင့် ဆေးများလှူဒါန်းရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းရီက လက်ခံယူကြောင်း သိရသည်။**(အောက်ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မွန်ပြည်နယ်အတွင်းရှိ ကျောင်းများသို့ စာသင်ခုံနှင့် ထောက်ပံ့ငွေပေးအပ် လှူဒါန်းပွဲကို ဩဂုတ် ၁၃ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) အလုပ်အမှုဆောင် မွန်ပြည်နယ်တာဝန်ခံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က မော်လမြိုင်ပညာရေး ကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းတင့်ထံ အလှူငွေကျပ် ငါးသိန်း ပေးအပ်စဉ်။ (၁၆၈)

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့မဈေးအတွင်း ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာပါဝင်မှုများသော ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများရောင်းချခြင်းမပြုရန် အသိပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၆ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် ဦးစီးအရာရှိ ဦးမျိုးဇော်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

လုပ်ငန်းခွင်အရည်အချင်း တိုးတက်ရေး မွမ်းမံသင်တန်းဖွင့်ပွဲ မြဝတီ၌ကျင်းပ

မြဝတီ ဩဂုတ် ၁၈

ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းခွင် အရည်အချင်းတိုးတက်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲကို ဩဂုတ် ၁၄ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားပြခန်း ခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ရွှေညွှန့်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေညွှန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဇော်မင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ ဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရှံ့ညွန့်ဒိုက်ပင်များ ဆယ်ယူစွန့်ပစ်

မြစ်ကြီးနား ဩဂုတ် ၁၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ကြီးအောင်ရပ်ကွက်နှင့် ဒူကထောင်ရပ်ကွက်ကြား ဖြတ်သန်းစီးဆင်းသော ပင်မရေမြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇူလိုင် ၂၆ရက်က ရှံ့ညွန့်၊ နုန်းမြေများနှင့် ဒိုက်ပင်များ ဆယ်ယူစွန့်ပစ် ရှင်းလင်း ဆောင်ရွက်ကြပြီး ထွက်ရှိလာသော အမှိုက်နှံ့များကို အဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းစွန့်ပစ်ရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးလှမျိုး ကြီးကြပ်ပေးကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ဗန်းမော်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထက်တန်းကျောင်း ဆိုင်းဘုတ်စိုက်ထူ

ဗန်းမော် ဩဂုတ် ၁၅

ကသာခရိုင် ဗန်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထက်တန်းကျောင်း ဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကို ဩဂုတ် ၅ရက် နံနက် ၁၀ နာရီက ဗန်းမော်မြို့နယ် ကွန်းကုန်းကျေးရွာ တွဲဖက်အထက်တန်းကျောင်းရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးကျော်သန်းနှင့် ကွန်းကုန်းကျေးရွာဥက္ကဋ္ဌ ဦးထွန်းညွှန့်တို့က အမှာစကားပြောကြားကြသည်။

ရှင်းလင်း

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးဩက တွဲဖက်အထက်တန်းကျောင်း ဆိုင်းဘုတ် စိုက်ထူရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆုများချီးမြှင့်

ထို့နောက် ၂၀၀၅–၂၀၀၆ ခုပညာသင်နှစ်တွင် မံတုံဒေသစိတ်မှ တက္ကသိုလ် ဝင်တန်းအောင်မြင်သူ ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရေကြည်မြို့ အောင်ဆန်းလမ်းမကြီး အုတ်ရေမြောင်း ဆောင် ရွက် မှု ကို ဇူလိုင် ၂၅ ရက်က ဧ ရာ ဝ တီ တိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး တို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဟင်းသီးဟင်းရွက်စိုက်ခင်း ပြုစုပျိုးထောင်

တောင်တွင်းကြီး ဩဂုတ် ၁၁

တောင်တွင်းကြီးမြို့ မြို့နယ်ခန်းမဝင်းအတွင်းရှိ မြေလွတ်မြေကွက်များတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းရှိ ခရမ်းပင်၊ ငရုတ်ပင်နှင့် ချဉ်ပေါင်ပင်များအား ပိုးများ သုတ်သင်ရှင်းလင်းခြင်း၊ မြေတောင်မြှောက်ခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်းစသော ဟင်းသီးဟင်းရွက်ပင်များ ပြုစုပျိုးထောင်ခြင်း လုပ်ငန်းများကို ဩဂုတ် ၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးညိုဝင်း၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ် စည်ပင်)

မီးဘေးသင့်ပြည်သူများ ဖလမ်း၌ထောက်ပံ့ငွေပေးအပ်

ဖလမ်း ဩဂုတ် ၁၅

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့ ဖာရဲတောက်ရပ်ကွက်ရှိ မီးဘေးသင့် အိမ်ထောင်စုဝင် ၃၂ ဦးတို့အား ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် ညနေ ၃ နာရီက ဖလမ်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌဦးဇော်ဝင်းဌေးနှင့် အဖွဲ့ဝင်များ၊ မီးဘေးသင့်ကြီးကြပ်ရေးကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်က မီးဘေးသင့်သူများကို အားပေးစကား ပြောကြားပြီး မီးဘေးသင့်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးအုန်းမောင်စည်က ထောက်ပံ့ငွေ ၁၄၂၀၄၉၂၅ ကျပ် ကို ပေးအပ်လှူဒါန်းရာ မီးဘေးသင့်သူများ ကိုယ်စား မီးဘေးသင့်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူးဦးဗန်ဘိဇ်ထောင်းက လက်ခံယူသည်။

ကျေးဇူးတင်စကားပြော

ဆက်လက်၍ မီးဘေးသင့်သူများကိုယ်စား ဦးကောလ်လွယ်က ကျေးဇူးတင် စကားပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

တောင်ငူမြို့ ၂၀ ရပ်ကွက် မြို့ကြီးလမ်းနေ ကားပိုင်ရှင်ဦးလှမြင့်-ဒေါ်ချစ်မိသားစုတို့က ဖခင်ကြီးဦးထွန်းရွှေအား ရည်စူး၍ ဩဂုတ် ၁၈ ရက်က တောင်ငူမြို့ လောကုတ္တရာ စကားကျောင်းစာသင်တိုက် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းရာ သဟပုညကာရီ အသင်း ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးက လက်ခံယူစဉ်။ (၃၇၂)

နီဗ္ဗာန်ရွှေဂူတောရရိပ်သာသို့ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ၊ဘီအေ)သည် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်(၅) မေခလမ်း၌ ဝါကပ်သီတင်းသုံး၍ ယောဂီများရက်ရှည် တရားအားထုတ်နိုင်ရန် ဆောက်လုပ်လျက်ရှိသော ကျောင်းအဝင်မုခ်ဦး မဟာရံတံတိုင်းများအတွက် လိုအပ်လျက်ရှိရာ ဒေါ်ဟန်ကြည် မိသားစု အမှတ်(၅၅)အခန်း(၁) သုခမြိုင်အိမ်ရာ လှိုင်မြို့နယ် (၉)ရပ်ကွက် အင်းစိန်လမ်းမက ငွေကျပ်ငါးသောင်း၊ မိခင်ဒေါ်မြကြည်အားရည်စူး၍သမီးဒေါ်ခင်လှကြွယ်နှင့်ဦးလှတင်-ဒေါ်ခင်လှနွယ်၊ သမီး မတင်မိုးအေး၊ မတင်စိုးအေး မိသားစု အမှတ် ၁၂(က) ၂၅ လမ်း ပန်းဘဲတန်း ရန်ကုန်မြို့အဝင် မုခ်ဦးအတွက် သီးသန့် ငွေကျပ် ၁၅ သိန်း လှူဒါန်းကြသည်။

လှူဒါန်းနိုင်

လှူဒါန်းလိုသူများ မဟာရံတံတိုင်း တစ်ခန်းလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ဆရာတော် ဖုန်း-၀၉-၅၁-၃၇၀၈၆၊ ဦးတင့်လွင် ဖုန်း- ၀၉-၅၀၀၄၅၅၂၊ ဦးဒွေးမြင့် ဖုန်း-၆၆၁၃၄၄၊ ဦးကျော်မင်း ဖုန်း- ၆၆၁၅၅၃နှင့် ဦးမြင့်မောင် ဖုန်း- ၇၂၆၅၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သုမင်္ဂလာလမ်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးဝင်းနေ မိခင်ကြီး ဒေါ်လှအေးအား ရည်စူး၍ ဦးထွန်းအောင်၊ သမီးစန္ဒာအောင်၊ မြေးအောင်ချမ်းမြေ့ မိသားစုက ငွေကျပ်ငါးသိန်းကို လှူဒါန်းရာ အမှုဆောင်ဒေါ်သက်သက်က လက်ခံ၍ ကျောင်း ဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒ (Pre. Ph.D)က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပမှုရှိစေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်က အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် ဒုတိယဦးစီးမှူး(သန့်) ဦးဆန်းဝင်းတို့ကြီးကြပ်၍ ပခုက္ကူမြို့အမှတ် (၁၅) ရပ်ကွက်အတွင်း အဖွဲ့ပိုင်ယာဉ်များဖြင့် အမှိုက်သိမ်းဆည်းရှင်းလင်းကြစဉ်။ (မြို့နယ်စည်ပင်)

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်မည့် စက်ရုံလမ်းကတ္တရာခင်းရန်အတွက် ကျောက် စုဆောင်းထားရှိမှုကို ဩဂုတ် ၂ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးစန်းဒွေးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာအမှုဆောင်အရာရှိဦးလှဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ပဲခူး သံဃာ့ဆေးကုခန်းသို့ အလှူငွေများပေးအပ်

ပဲခူး ဩဂုတ် ၁၆

ပဲခူးမြို့ ကုသိုလ်ဖြစ် သံဃာ့ဆေးကုခန်းသို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက်က စေတီတော်၏ အရှေ့ဘက်မုခ်အနီးရှိ ဆေးခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ ကျောက်ကုန်း အောင်ဇေယျလမ်း အမှတ် ၄၂၃ နေ ဒေါ်ကျင့်ယို သားသမီး မြေးတစ်စုက ဖခင်ကြီး ဦးရန်ဝက်၊ မိခင်ကြီးဒေါ်ရင်ကျွေနှင့် ညီမ ဒေါ်ကျင်လွမ်းတို့အား ရည်စူး၍ သံဃာ့ဆေးခန်းအတွက် ငွေကျပ်ခြောက်သိန်းကို ပေးအပ်လှူဒါန်းရာ သံဃာ့ဆေးခန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဦးက လက်ခံယူသည်။ **(ယာပုံ)**

ကုသပေး

အဆိုပါ သံဃာ့ ဆေးခန်းကို တနင်္ဂနွေမှ သောကြာအထိ သံဃာတော်များကို လည်းကောင်း၊ စနေနှင့် တနင်္ဂနွေနေ့များတွင် သာသနာ့နွယ်ဝင် သီလရှင်များကို လည်းကောင်း၊ ဆရာဝန်လေးဦးတို့က အလှည့်ကျစမ်းသပ် ကုသပေးလျက်ရှိသည်။

လှူဒါန်းနိုင်

ပဲခူးမြို့ သံဃာ့ဆေးခန်းသို့ လှူဒါန်းလိုသူများသည် သံဃာ့ဆေးခန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦး ဖုန်း- ၂၄၆၁၃ နှင့် ဘဏ္ဍာရေးမှူး ဦးကျော် (ကမ္ဘာလင်း) ဖုန်း- ၀၉-၅၃၀၀၆၁၊ ၂၁၆၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၁၇၃)**

မြန်မာ့အသံ နားဆင်ခရာ

၁၃၆၈ခုနှစ် တော်သလင်းလဆန်း ၄ ရက်
၂၆-၈-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) မေတ္တာအသည်းခိုင်ခိုင်မြဲ
(၂) တစ်မိုးအောက်မှာ နှစ်ယောက်ထဲ
(၃) စနေမှာရွာတဲ့မိုး

၀၉:၄၅ အာဆီယံအစီအစဉ်

၁၀:၀၀ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ (ခေတ်ဟောင်း/ကာလပေါ်)
-အခြေခံပညာအဆင့်-(၁၅-၂၀) အမျိုးသမီး
(၁) သုဝဏ္ဏသာမ-စိန်ပါတီ
(၂) မြစ်ကြီးဧရာဝတီ-မြင့်မြင့်ခင်
(၃) တေမိယ-မေရှင်

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (လင်ဇီးမှိုစိုက်ပျိုးနည်းအကြောင်း)

၁၁:၃၅ အဘိုးအဘွားအလေးထားကဏ္ဍ (အိုခြင်းကိုရင်ဆိုင်အနိုင်ယူခြင်း- ဦးခင်မောင်မြ)

၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ

၁၂:၁၀ နေ့စဉ်သုံးအီဒီယမ် (ဆရာဦးသိန်းလွင်)

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပညာရေးအထူးအစီအစဉ်) (ပညာရေးအကောင်အထည်ဖော်မှုဆိုင်ရာ လမ်းညွှန်ချက်များ)

ညနေပိုင်း

၁၆:၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ကိုယ့်ချစ်သူကောင်းစားရေးအတွက်
(၂) အချစ်ဆိုတဲ့ လိပ်ပြာတေလေ
(၃) ချစ်သူ့နယ်မြေ

၁၇:၀၀ မေးကြည့်ဖြေကြည့် အေအိုင်ဒီအက်စ် ပဟေဠိ

၁၇:၁၅ ခေတ်ဟောင်းတေး
(၁) ဂျပိုးပွေလီ-မကြည်အောင်
(၂) တစ်ရွာသူလေး- မောင်ပွကြီး-မြပါတီ
(၃) ပျို့ဆုတောင်း-တင်တင်အေး

၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ

၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ခရီးသွားခြင်းနှင့် ကျန်းမာရေး- ဒေါက်ထွေး-ဆေး/မန်း)

၁၈:၄၅ သိမှတ်စရာ ကွန်ပျူတာ (ကွန်ပျူတာအတွင်းအရာအဖွေလွယ်စေဖို့ရာ Explorer အကြောင်း)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (သမ္ဗုဒ္ဓေရှင်ပင်ခမ္မတေးစီးရီး)

၂၀:၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)

၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မေတ္တာနုနုစေလာရင်ကွယ်
(၂) ဖူးရွှေလက်တင်
(၃) မောင့်ရင်ထဲကလွမ်း

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ)-မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ

(စနေ-တနင်္ဂနွေ)- နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

၂၈-၈-၂၀၀၆ (တနင်္လာနေ့)

❑ Compare the Integument of Invertebrates and Vertebrates
- တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

❑ - Characteristics of Invertebrates
- တတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား၊ ကျောင်းသူများ

၂၉-၈-၂၀၀၆ (အင်္ဂါနေ့)

❑ Applied Aspects of Invertebrates
- တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

Economics I: Market Interaction: Basic Demand and Suppl Analysis
- အဝေးသင်တက္ကသိုလ် စီးပွားရေးအဓိက ကျောင်းသား၊ ကျောင်းသူများ

၃၀-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

❑ Small Signal Biopolar Amplifiers
- တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

❑ Shell Model
- တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၃၁-၈-၂၀၀၆ (ကြာသပတေးနေ့)

❑ Religious Policy of Mindon Min
- တတိယနှစ် သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ

❑ Jurisprudence
- ပထမနှစ် ဥပဒေအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁-၉-၂၀၀၆ (သောကြာနေ့)

❑ ဆရာမင်းသုဝဏ်၏ "ဗျောသံ" ကဗျာ
- နေ့သင်တန်း(ဒုတိယနှစ်မြန်မာစာ အထောက်အကူပြု) ကျောင်းသား၊ ကျောင်းသူများ

❑ ဦးဗဂျီဒိုင်၏ ဖြစ်နိုင်ပါ့မလား စကားပြေ
- နေ့သင်တန်း(ပထမနှစ်မြန်မာစာ အထောက်အကူပြု) ကျောင်းသား၊ ကျောင်းသူများ

၂-၉-၂၀၀၆ (စနေနေ့)

❑ Economic Resource Development in Myanmar
- ပထမနှစ် ပြည်သူ့ရေးရာအထူးပြု

❑ Purchasing Management & Successful Marketing of Fundamentals
- ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု

❑ Theory of Quadratic Equations
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု

❑ Differential and Integral Calculus
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ သင်္ချာအထူးပြု

❑ Limits and Continuity
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု

❑ Differentiation
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု

❑ Permutations
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု

❑ Straight Lines
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု

❑ Complex Numbers
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု

❑ Finance
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု

❑ Demand & Supply
- ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု

၃-၉-၂၀၀၆ (တနင်္ဂနွေနေ့)

❑ Process Cost Accounting
- ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု

❑ Limited Company General Background
- ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု

❑ Organization & Control
- ဒုတိယနှစ် စီးပွားစီမံအထူးပြု

❑ Financial Accounting Limited Company Issue of Shares and Debentures
- ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု

❑ Motivation, Leadership & Communication
- ဒုတိယနှစ် စီးပွားရေးပညာ အထူးပြု

❑ Linear Programming II
- ဒုတိယနှစ် စီးပွားစီမံအထူးပြု

❑ Decision Making & Personal Management
- ဒုတိယနှစ် စီးပွားစီမံအထူးပြု

❑ Difference Equations
- ဒုတိယနှစ် စီးပွားရေးပညာအထူးပြု

❑ Matrix
- ဒုတိယနှစ် ဝိဇ္ဇာ၊ သိပ္ပံ၊ စီးပွားရေးပညာအထူးပြု

❑ Partial Fractions
- ဒုတိယနှစ် စီးပွားရေးပညာအထူးပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာရင်းစစ်ချုပ်ရုံး

အခြေခံစာရင်းကိုင်သင်တန်းလျှောက်လွှာခေါ်ယူခြင်း

Basic Accounting Course
[For 2006 December Exam:]

၁။	သင်တန်းဖွင့်လှစ်မည့်ရက်	- ၉-၉-၂၀၀၆
၂။	သင်တန်းဖွင့်လှစ်မည့်နေရာ	- စာရင်းစစ်ချုပ်ရုံး၊သင်တန်းကျောင်း၊ ၁/၁၉ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်။
၃။	သင်တန်းချိန်	- ၉း၃၀ နာရီမှ ၁၄း၃၀ နာရီ (စနေ၊တနင်္ဂနွေ)
၄။	သင်တန်းကာလ	- (၃)လ
၅။	သင်တန်းကြေး	- ကျပ် ၅၀၀၀
၆။	အနိမ့်ဆုံးပညာအရည်အချင်း	- အခြေခံပညာအထက်တန်း(က) အဆင့်အောင် (သို့)တက္ကသိုလ်ဝင်တန်းအောင်
၇။	လျှောက်လွှာစတင်ရောင်းချမည့်ရက်	- ၂၅-၈-၂၀၀၆
၈။	ဆက်သွယ်စုံစမ်းရန်	- ဒေါ်မြင့်လေးမေ၊ သင်တန်းမှူး စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၊ ဖုန်း-၀၁-၂၂၇၂၄၆။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်

ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ် ၂၀၀၆ ပညာသင်နှစ် အတန်းတင်စာမေးပွဲများကို ၂၀၀၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ပြုလုပ်ကျင်းပမည်ဖြစ်ပါသည်။ ရန်ကုန်အဝေးသင်တက္ကသိုလ်တွင် အသုံးပြုရန် စက္ကူနှင့် စာရေးကိရိယာများ ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်ဈေးနှုန်းလွှာ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ ချိပ်ပိတ်ဈေးနှုန်းလွှာ တင်သွင်းရန် လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၈-၂၀၀၆ရက်နေ့မှစတင်၍ တစ်စုံလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် မော်ကွန်းထိန်း၊ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန ရန်ကုန်အဝေးသင်တက္ကသိုလ် ထံတွင် လုပ်ငန်းလိုင်စင်မူရင်း၊ မိတ္တူတင်ပြ၍ ဝယ်ယူနိုင်သည်။

၃။ ချိပ်ပိတ်ဈေးနှုန်းလွှာကို ၁-၉-၂၀၀၆ရက်နေ့ မွန်းလွဲ ၁၄း၀၀ နာရီ နောက်ဆုံးထား၍ ရန်ကုန်အဝေးသင်တက္ကသိုလ် သင်တန်းရေးရာဌာနမှူး ရုံးခန်းရှိ တင်ဒါပုံးအတွင်းသို့ ထည့်သွင်းရမည်။

စက္ကူနှင့် စာရေးကိရိယာဝယ်ယူရေးတင်ဒါအဖွဲ့
ရန်ကုန်အဝေးသင်တက္ကသိုလ်။

အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဘယ်လာ (အဖ-ဦးတရုး) ၁၂/ကမတ(နိုင်) ၀၁၂၃၄၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၈၆ (ကံဘဲ့)၊ မြေကွက်အမှတ် $\frac{8F}{3}$ ၊ မြေပိုင်မြေ၊ ဧရိယာ ၀ ဒသမ ၅၈၄ ဧကရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၆) ရပ်ကွက် သုခဝတီလမ်း အမှတ် ၇ ဟုခေါ်တွင်သော နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးစံသိန်း(အေဒီ-၁၂၄၉၇၃) ၁၂/ကမတ(နိုင်) ၀၀၈၈၁၀ နှင့် ဒေါ်လှကြီး၊ ဒေါ်ကျင်တိုး၊ ဦးစစ်ရင်၊ ဦးချစ်စိန်တို့ငါးဦး ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ကြပါသည်။

ဦးစံသိန်းမှ ၎င်းပိုင်ဆိုင်သည့်အစုနှင့်ပတ်သက်သည့်ကိစ္စအဝဝ ဆောင်ရွက်နိုင်ရန် ဇနီးဖြစ်သူ ဒေါ်ဘယ်လာအား ၁၀-၈-၂၀၀၆ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ် (၆၁၈၅/၂၀၀၆)အရ လွှဲအပ်ထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါပစ္စည်းအရပ်ရပ်တွင် ဦးစံသိန်းပိုင်ဆိုင်သည့် အစုနှင့်ပတ်သက်၍ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ဘယ်လာ မသိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ၄ှားရမ်းခြင်းများ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးညွန့်ဝင်း (H.G.P, L.L.B, D.B.L, D.M.L)
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၈/၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။
ဖုန်း-၀၉-၉၉၂၀၀၃၆။

မြန်မာနိုင်ငံကြက်ခြေနီအသင်း
အမှတ်(၄၂)၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်
ရန်ကုန်မြို့

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အောက်ဖော်ပြပါ ကယ်ဆယ်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
၁။	(က) အုပ်စု- အဝတ်အထည်(၁၁)မျိုး	၁၆၀၀ ယူနစ်
၂။	(ခ) အုပ်စု- အိမ်သုံး၊ လူသုံးကုန်ပစ္စည်း(၈)မျိုး	၁၆၀၀ ယူနစ်

၂။ (က)အုပ်စုပုံစံများနှင့် စည်းကမ်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အမှတ် ၄၂ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဒုတိယထပ် ဘေးဒုက္ခကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ကယ်ဆယ်ရေး(DP/DR)ဌာန၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ခ)တင်ဒါပုံစံ(က)အုပ်စုအတွက် ကျပ် ၃၅၀၀ နှင့် တင်ဒါပုံစံ(ခ) အုပ်စုအတွက် ကျပ် ၁၅၀၀ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၃။ တင်ဒါပိတ်မည့်ရက်မှာ ၁၈-၉-၂၀၀၆ ရက်နေ့ ညနေ ၄း၀၀ နာရီဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် အမှတ်-၄၂ ကမ်းနားလမ်း ဗိုလ်တထောင်မြို့နယ် ဒုတိယထပ်ရှိ ဘေးဒုက္ခကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ကယ်ဆယ်ရေး(DP / DR)ဌာန၌ လူကိုယ်တိုင်ဖြစ်စေ သို့မဟုတ် တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန် တယ်လီဖုန်းအမှတ်များမှာ-၃၈၃၆၈၀၊ ၃၈၃၆၈၃၊ ၃၉၂၀၂၇၊ ၃၉၂၀၃၀။ လိုင်းခွဲ-၁၂၀။

အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၁)တိုးချဲ့ရပ်ကွက် ဦးဝိစာရလမ်းရှိ မဟာမြိုင်ဝန်ထမ်းအိမ်ရာမှ အောက်ဖော်ပြပါအခန်းအား တိုက်ခန်းပိုင်ရှင်မှ (တိုက်ခန်းစာချုပ်/လွှဲပြောင်းလွှာ)ပျောက်ဆုံး၍ မူရင်းပြန်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကုမ္ပဏီမှ တိုက်ခန်းစာချုပ်/လွှဲပြောင်းလွှာ မူရင်းကို ပြန်ထုတ်ပေးမည်ဖြစ်ပါသည်။ သို့ပါ၍ သက်ဆိုင်သူများ ကန့်ကွက်လိုပါက ၁၅ ရက်အတွင်း ကုမ္ပဏီသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	အခန်းအမှတ်	လျှောက်ထားသူအမည်	မှတ်ပုံတင်အမှတ်
၁။	19°(F-3)	ဦးဂင်ခတ်လန့်	TZN-၀၀၃၂၄၄ ၄/တဇန(နိုင်) ၀၀၀၉၃၄

တော်ဝင်မိသားစုကုမ္ပဏီ အမှတ်(၃၅၅)
ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်
ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ထွန်းထွန်းဝင်း၏ နိုင်ငံကူးလက်မှတ်-၅၈၀၅၆၆ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဆက်သွယ်ရန်- သားလူးကန်ကျေးရွာ ရေနံချောင်း မကွေး။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်မြို့ ရွှေပြည်သာ အကွက်ကြီး(၁၆/၃၃) တော်ဝင်လမ်းနှင့် နွယ်သာကီလမ်းဆုံအနီး မြေအကျယ် ပေ (၆၀ x ၈၀)ပေါ်ရှိ နှစ်ထပ်တိုက် ရေမီးစုံ၊ ဖုန်းပါ၊ ကားဂိုဒေါင် သီးသန့်ပါ၊ သိန်း(၂၈၀)။

ဖုန်း-၀၈၁-၅၀၂၅၈။

နောင်ချိုမြို့နယ် မိုးစပါးဆင်းရွှေလီမျိုးသန့်ဇုန်နှင့် စံပြမြေကွက်များ ခရိုင်စိုက်ပျိုးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး

နောင်ချို ဩဂုတ် ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တွင် တစ်ဧကတင်း ၂၀၀ကျော်ထွက်ရှိရေး ရည်မှန်းချက်ဖြင့် စိုက်ပျိုးထားသည့် အထူးအထွက်တိုး ဆင်းရွှေလီမျိုးသန့်ဇုန်များနှင့် စံပြကွက်များ၏ မြေပြင်ပြီးစီးမှုနှင့် စိုက်ပျိုးမှုအခြေအနေများကို ခရိုင်စိုက်ပျိုးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ ဇူလိုင် ၃၁ရက် နံနက် ၉နာရီက ဆမ္ဘဆယ်ကျေးရွာအုပ်စု ရေမောင်းတန်းကျေးရွာရှိ မျိုးသန့်ဇုန် အမှတ်(၁)၊(၂)နှင့်(၃) တို့အား စစ်ဆေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်က လိုက်လံရှင်းလင်းပြသသည်။ **(ဝဲပုံ)**

ဆောင်ရွက်ရန်မှာကြား

ဆက်လက်၍ ခရိုင် စိုက်ပျိုးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် ကုန်းကြီးရွာမ၊ကံ့ကော်၊သုံးဆယ်နှင့် အထက်ကြူအင်းကျေးရွာများရှိ မိုးစပါး ဆင်းရွှေလီ (အက်ဖ်ဝမ်း) စိုက်ပျိုးမည့် စံပြကွက်များ၏ မြေပြင်ပြီးစီးမှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တောင်သူကြီးများအား ထောက်ပံ့ပေးအပ်သည့် ဓာတ်မြေဩဇာ အိတ်များထားသိုမှုကို ကြည့်ရှုစစ်ဆေးပြီး ရာသီချိန်အမီ စိုက်ပျိုးရေး၊ နည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးညီသုံးစွဲရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လေးမျက်နှာမြို့ ဗန္ဓုလလမ်းဘေး ဝဲယာတစ်လျှောက် ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရေမြောင်းအတွင်း ချုံနွယ်များရှင်းလင်းခြင်း၊ အမှိုက်များ ဆယ်ယူခြင်းကို ဩဂုတ် ၅ ရက်က ရပ်ကွက်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ ဦးဇော်ဝင်းတို့ ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ထောက်ကြန့်ကျေးရွာ ကျေးလက်ရေရရှိရေး တွင်းတိမ်တူးဖော်မှု ကို ဩဂုတ် ၇ ရက်က ပဲခူး(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင် ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ပန်းတောင်းမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ပန်းတောင်း ဩဂုတ် ၉

ပန်းတောင်းမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက ငါးမျက်နှာကျေးရွာအနီး ဆုတောင်းပြည့်ကုန်းမြေ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းအေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်တင့်၊ ပဲခူးတိုင်း (အနောက်ပိုင်း) သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိုး၊ ပြည်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ သစ်တောဦးစီးအရာရှိ ဦးခင်အေးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်၍ စုပေါင်းစိုက်ပျိုးကြသည်။

စိုက်ပျိုး

အဆိုပါ စိုက်ပျိုးပွဲတွင် ကျွန်းပင် ၂၀၀၀၊ပျဉ်းကတိုးပင် ၂၀၀၀၊ ခြံစည်းရိုးကြက်ဆူပင် ၂၀၀၀ နှင့် အရိပ်ရအပင် ၁၀၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းရွှေအောင်တို့ ဇူလိုင် ၂၇ ရက်က ဘားအံမြို့ အမှတ်(၂)ရပ်ကွက် တိုးချဲ့ရေပေးရေးအတွက် လေသာကျောင်း ရေစုကန်မှ ရပ်ကွက်အတွင်းသို့ ရေသွယ်ပိုက်လိုင်းများ တပ်ဆင်ခြင်းလုပ်ငန်းကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း လားရှိုးမြို့နယ်ရှိ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၄

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သုတေသနနှင့် ကာကွယ်ဆေး ထုတ်လုပ်ရေးဌာနစုသို့ ရောက်ရှိလာပြီး နိုက်ထရိုဂျင်အရည်ထုတ်လုပ်သည့်စက်ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❐

ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် ပြည်မြို့ ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဩဂုတ် ၂၄ရက်၌ မိုးရွာသွန်းလေသမျှ

နေပြည်တော်	၀	ဒသမ	၃၁	လက်မ
ကျောက်တော်	၂	ဒသမ	၄၄	လက်မ
မော်လမြိုင်	၂	ဒသမ	၃၇	လက်မ
သထုံ	၂	ဒသမ	၂၁	လက်မ
ရန်ကုန်(မြို့လယ်)	၂	ဒသမ	၂၁	လက်မ
အောင်လံ	၀	ဒသမ	၄၇	လက်မ

ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး အလေးထားလုပ်ကိုင် ဝင်ငွေတိုးတက်ရေး တရားမဝင်ခိုးယူသုံးစွဲမှု ပပျောက်အောင် ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းလျှပ်စစ် အင်ဂျင်နီယာရုံးခန်းမ၌ ဝန်ကြီးဌာန အောက်ရှိ အရာထမ်းနှင့်ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

ပန်းချီဆရာ ဆြာနွယ်၏ ရောဝတီ အမည်ရှိ ပန်းချီကားမှာလည်း သဘာဝမြင်ကွင်းကို ပေါ်လွင်အသက်ဝင်အောင် ဤသို့ရေးဆွဲထားသည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)



မြန်မာ့အလှ၊ မြန်မာ့သဘာဝရှုခင်းများ ဖော်ကျူးတင်ပြထားသော ပန်းချီပြပွဲသို့ တစ်ခေါက်

ခံစားတင်ပြသူ- မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၄

မြန်မာ့ပန်းချီသည် နှစ်လိုဖွယ်အတိဖြစ်သည်။ သုတ၊ ရသများကို ပေးနိုင်စွမ်းရှိသည်။ သိမ်မွေ့မှု၊ ခံ့ထည်မှုနှင့် အဆင့်အတန်းမြင့်မားမှုတို့လည်းရှိသည်။ နှစ်ပေါင်းများစွာမှသည် ယနေ့အထိတိုင် ခံ့ထည်စွာ ရှင်သန်နေဆဲပင်ဖြစ်သည်။

အားတက်ဖွယ်

ထိုသို့ မြန်မာ့ပန်းချီလောကအချိန်နှင့်အမျှ ရှင်သန်ဖွံ့ဖြိုးနေအောင်လည်း မြန်မာ့ပန်းချီပညာရှင်များက မဆုတ်မနစ် ကြိုးစားအားထုတ်ကာ အရှိန်အဟုန်မပျက်ကြိုးစားနေသည်။ ပန်းချီဆရာတို့ကြိုးစားမှုကြောင့် မြန်မာ့ပန်းချီပြပွဲများလည်း နေ့စဉ်မပြတ် ကျင်းပလာနိုင်ခြင်းဖြစ်ရာ မြန်မာ့ပန်းချီကဏ္ဍအတွက် အားတက်ဖွယ်ဖြစ်သည်။

ပန်းမပွင့်သည့်နေ့ မရှိစေရဟူသော စကားနှင့်အညီ မြန်မာ့ပန်း ၁၀ မျိုးတွင် ပါဝင်သော ပန်းချီပညာ၏ ပန်းချီကားပြပွဲများ အမြဲကျင်းပရာ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး *စာမျက်နှာ ၆ ကော်လံ ၁* ✱

ပန်းသီး၏အသီးအခက် သဘာဝကို ရုပ်လုံးကြွအောင် ခြယ်မှုန်းထားသော ပန်းချီ ဆရာထွန်းဝင်း၏ ပန်းချီကားမှာလည်း စိတ်အာရုံကို ဤသို့ ဖမ်းစားနိုင်သည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

လကမ္ဘာသို့သွားရောက်မည့် အိုရီယွန်အမည်ရှိ အာကာသယာဉ်သစ် လူသားများ လကမ္ဘာသို့သွားရောက်ရေးအတွက် တည်ဆောက်နေ

နာဆာ ဩဂုတ် ၂၄

အမေရိကန်အာကာသအေဂျင်စီ(နာဆာ)က လူလိုက်ပါနိုင်သော လေ့လာရေးအာကာသယာဉ်သစ်ကို အိုရီယွန်ဟု အမည်ပေးထားသည်။ **(အောက်ပုံ)**

အင်္ဂါဂြိုဟ်သို့

ယင်းလေ့လာရေးအာကာသယာဉ်သစ်ကို လကမ္ဘာနှင့် အင်္ဂါဂြိုဟ်ပေါ်သို့ လူများပြန်လည်သွားရောက်လေ့လာရန်အတွက် တည်ဆောက်လျက်ရှိကြောင်း သိရသည်။



မျှော်လင့်ထားသည်

အိုရီယွန်ဟု အမည်ပေးထားသော အဆိုပါအာကာသယာဉ်သည် ၁၉၆၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များက လွှတ်တင်ခဲ့သော အပိုလိုကဲ့သို့ လူသားများလိုက်ပါ၍ လေ့လာနိုင်မည်ဟု မျှော်လင့်ထားသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ●

အင်တာနက် အထူးသတင်း